# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
## (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၅၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၅-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၂) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၃) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊

(၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၅) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၄ ရက်၊

(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၇) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၈) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၉) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်၊

(၁၀) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၃ ရက်၊

(၁၁) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၁၂) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဝင်းနိုင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ ရွှေမြန်မာဂျာနယ်တွင် ခရီးသွားလမ်းညွှန်ကြော်ငြာ ထည့်သွင်းဖော်ပြနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကောက်ခံခဲ့ခြင်းနှင့်ပတ်သက်၍ ကြော်ငြာထုတ်ဝေခြင်းများကို မပြုလုပ်ခဲ့ပါသဖြင့် ကောက်ခံထားသော ငွေကြေးများကို ပြန်လည်ပေး အပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထုတ်ဝေမည်ဟုဆိုခဲ့သော ရွှေမြန်မာဂျာနယ်သည် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပသော (၂၇)ကြိမ်မြောက် SEA Game ပွဲတော်ကြီးအမီ စီးပွားရေးလုပ်ငန်းရှင်များ၊ အစုအဖွဲ့အသင်းများ၊ ကုမ္ပဏီများနှင့် ဟိုတယ်များအတွက် အောင်မြင်မှုအထောက်အကူပြုရရှိစေရန် လမ်းညွှန်ကြော်ငြာများကိုပါ ထည့်သွင်း၍ အပတ်စဉ်ထုတ်ဝေသွားမည်ဟု စီစဉ်ခဲ့ကြပါတယ်။ ထို့ကြောင့် ရွှေမြန်မာဂျာနယ်၌ ခရီးသွားလာ လမ်းညွှန်ကြော်ငြာထည့်သွင်းဖော်ပြနိုင်ရန်အတွက် မန္တလေးမြို့မှ မူဆယ်၊ နမ့်ခမ်းအထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်လုံးမှ စက်သုံးဆီဆိုင်များ၊ ပန်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းရှင်များထံမှ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိ ပုဂ္ဂိုလ်များက ငွေကြေးများ လာရောက်ကောက်ခံသွားပါကြောင်း သိရှိခဲ့ရပါတယ်။ ဥပမာ မူဆယ်မြို့မှ စက်သုံးဆီဆိုင်၊ ကွတ်ခိုင်မြို့မှ အောင်ချမ်းသာစက်သုံးဆီဆိုင်၊ အောင်ချမ်းသာထမင်းဆိုင်၊ ဝမ်လီစက် သုံးဆီဆိုင်၊ သိန္နီမြို့မှ စိန်နဂါးစက်သုံးဆီဆိုင်၊ ပန်းကမ္ဘာစက်သုံးဆီဆိုင်တို့ဖြစ်ကြပါတယ်။ အခြား အခြားသော စက်သုံးဆီဆိုင်များလည်း ငွေကြေးကောက်ခံဖို့ လာရောက်ကမ်းလှမ်းပေမယ့် အချို့သော

ဆိုင်များသည် မထည့်ခဲ့ပါကြောင်း သိရှိခဲ့ရပါတယ်။ သို့သော် အဆိုပါ ရွှေမြန်မာဂျာနယ်သည် ထွက်ရှိလာပါသော်လည်း ငွေကြေးကောက်ခံခြင်း ခံခဲ့ရသော စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းကြော်ငြာများကိုမူ ကြော်ငြာထုတ်ဝေခြင်းများ မပြုလုပ်ခဲ့ပါကြောင်း သိရှိခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါမေးခွန်းကို ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ (က) စီးပွားရေးလုပ်ငန်းရှင်များထံမှ ကောက်ခံထားသော ငွေကြေးများကိုပြန်လည်ပေးအပ်ပါရန်အစီအစဉ်ရှိ/မရှိ မည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်မည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစိုင်းကျော်အုန်း(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်ခိုင် မေးမြန်းထားတဲ့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ရွှေမြန်မာဂျာနယ်တွင် ခရီးသွားလမ်းညွှန်ကြော်ငြာထည့်သွင်းဖော်ပြနိုင်ရန်အတွက် မန္တလေးမြို့မှ မူဆယ်၊ နမ့်ခမ်းမြို့အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်လုံးမှ စက်သုံးဆီပန့်ဆိုင် စီးပွားရေးလုပ်ငန်းများထံသို့ ငွေကြေးများ လာရောက်ကောက်ခံသွားခဲ့ရာ ရွှေမြန်မာဂျာနယ်၌ ကြော်ငြာများသည် ထုတ်ဝေထားခြင်းများ မပြုလုပ်ခဲ့ပါသဖြင့် စီးပွားရေးလုပ်ငန်းရှင်များထံမှ ကောက်ခံထားသောငွေကြေးများကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့်နှင့် ရှိပါကမည်သည့် အချိန်ကာလတွင် ပြန်လည်ပေးဆပ်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းအား ပြည်ထောင်စုဝန်ကြီးကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါဝင်တဲ့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ဝေခွင့်ရရှိခဲ့တဲ့ ရွှေမြန်မာဂျာနယ်ထုတ်ဝေခြင်းကို ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်ရာမှာ အထောက်အကူပြုစေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဆိုင်ရာ သတင်း အချက်အလက်များ လွယ်ကူစွာဖော်ပြနိုင်တဲ့ဂျာနယ်အဖြစ် ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ် ပြီးတော့ ဆင်တဲဝစာပေတိုက်သို့ ၂၀၀၅ ခုနှစ်၊ မေလမှစပြီးတော့ ဂျာနယ်ထုတ်ဝေခွင့် ငှားရမ်း ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ယခုဖြစ်စဉ်မှာ အထောက်အထား ငွေလက်ခံပြေစာဖြင့်ဖော်ပြခဲ့တဲ့ ပန်းကမ္ဘာစက်သုံးဆီအရောင်းဆိုင်ထံမှ ရွှေမြန်မာဂျာနယ်ရုံးအဖွဲ့က ကြော်ငြာခကောက်ယူရရှိခဲ့ခြင်းမရှိပါကြောင်း၊ ပြေစာအတု၊ လက်မှတ်အတုတို့ဖြင့် လိမ်လည် ဆောင်ရွက်သွားခြင်းဖြစ်ပါကြောင်း၊ ပန်းကမ္ဘာစက်သုံးဆီအရောင်းဆိုင်မှ ရွှေမြန်မာဂျာနယ်ရုံးသို့ ဖုန်းဖြင့် အကြောင်းကြားတဲ့အချိန်ကျမှသာ ဒီဖြစ်စဉ်ကို သိရှိရပါကြောင်း၊ ဂျာနယ်တိုက်မှလည်း မည်သူ မည်ဝါမှ ဆောင်ရွက်ခဲ့သည်ကို စုံစမ်းထုတ်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနမှဖြစ်စဉ်အား စိစစ်ခဲ့ရာ မှာလည်း ရွှေမြန်မာဂျာနယ်မှာ ကြော်ငြာထည့်သွင်းနိုင်ရေးအတွက် ကူညီပေးပါရန် အသုံးပြုထားတဲ့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရဲ့ Letter Head မှာဖော်ပြထားတဲ့ ဌာနရဲ့လိပ်စာဟာလည်း ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလမတိုင်မီက လိပ်စာအဟောင်းဖြစ်တဲ့ အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့ဟုဖော်ပြထားခြင်း၊ လက်မှတ်ရေးထိုးပေးထားခဲ့တဲ့ ညွှန်ကြားရေးမှူး ဦးစိန်ဖိုးမှာလည်း ၂၀၀၉ ခုနှစ်၊ ဩဂုတ်လမှစပြီးတော့ အလုပ်မှ အငြိမ်းစားယူသွားပြီဖြစ်ခြင်းနှင့် ယခုတင်ပြပါ ကြော်ငြာ ကောက်ခံခဲ့သောပြေစာမှာ ၂၀၁၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့ဖြစ်တဲ့အတွက် ဂျာနယ်တိုက်မှ တင်ပြ သကဲ့သို့ လိမ်လည်ဆောင်ရွက်သွားခြင်းဖြစ်နိုင်ကြောင်း ယူဆပါတယ်။ သို့ပါသော်လည်း သက်ဆိုင် ရာလုပ်ငန်းရှင်များ မနစ်နာစေရန်အတွက် ဂျာနယ်တိုက်မှ ၎င်းတို့အားဆက်သွယ်ပြီးတော့ အပတ်စဉ် ထုတ် ရွှေမြန်မာဂျာနယ်မှာ ပန်းကမ္ဘာစက်သုံးဆီအရောင်းဆိုင်ကြော်ငြာအား အစောဆုံးအပတ်စဉ်မှာ ကြော်ငြာထည့်သွင်းဆောင်ရွက်သွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ မန္တလေးမြို့မှ မူဆယ်၊ နမ့်ခမ်းမြို့များအထိ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပန်းကမ္ဘာစက်သုံးဆီအရောင်းဆိုင်မှ ဆက်သွယ်တင်ပြလာတဲ့ ကြော်ငြာထည့်သွင်းရန်ကိစ္စအား ရွှေမြန်မာဂျာနယ်မှ လုပ်ငန်းရှင်များနစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နောင်တွင်လည်း အလားတူအဖြစ်မျိုး မဖြစ်ပေါ်စေရေးအတွက် ရွှေမြန်မာဂျာနယ်မှာ ကြော်ငြာထည့်သွင်းရမယ့် ဆင်တဲဝစာပေတိုက်ရဲ့ လိပ်စာနှင့် ဖုန်းနံပါတ်များအား ဂျာနယ်တွင် ဖော်ပြထားရှိပါကြောင်း၊ ကြော်ငြာထည့်သွင်းခြင်းနှင့် ကြော်ငြာခပေးချေခြင်းတို့အား ရွှေမြန်မာဂျာနယ်ရုံးချုပ်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် နေ့စဉ်ထုတ်ကြေးမုံ သတင်းစာမှာလည်း အများပြည်သူသိရှိနိုင်ရေး ထပ်မံအသိပေးဖော်ပြသွားရန်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ⊞ဌ။** ။ ဦးစိုင်းဝင်းခိုင် ကိုပေးပါ။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းမှ အခုလို လာရောက်ဖြေကြားပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ရိုးသားသော ပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အလားတူ ဝန်ကြီးဌာနနာမည်ဖြင့် အလွဲသုံးစားမှုများ၊ လိမ်လည်မှုများ မကြုံရလေအောင် လိုအပ်သလိုဆောင်ရွက်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လွိုင်ကော်မြို့တွင် အားကစားသိပ္ပံ သင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ကယားပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့အားကစား၏ လူသားအရင်းအမြစ်ဖြစ်သော အားကစားသိပ္ပံကျောင်း တစ်ကျောင်း

ဖွင့်လှစ်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကယားပြည်နယ်မှာရှိတဲ့ ကျောင်းသူ/ကျောင်းသား လူငယ်မောင်မယ်များဟာ ပင်ကိုယ်အရည်အသွေးများရှိကြပြီး အားကစားလိုက်စားမှု၊ စိတ်ပါဝင်စားမှုရှိကြပြီး ထူးချွန်ထက်မြက်သော ရွက်ပုန်းသီးအားကစားသမားများ များစွာပေါ်ထွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲများကို ကြည့်မည်ဆိုပါကလည်း အပိုင်းဒိုင်းဆု ဆုကြီးကို ဆွတ်ခူးနိုင်ခဲ့သလို မြန်မာ နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သော ဆီးဂိမ်းပြိုင်ပွဲများမှာလည်း ပြည်နယ်အဆင့်တွင် ပထမနေရာကို ယူထားပြီး တိုင်းဒေသကြီး/ပြည်နယ်များပွဲတွင် ပဥ္စမနေရာတွင် ရပ်တည်နိုင်ခဲ့ပါတယ်။ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ကယားပြည်နယ်ဂုဏ်ဆောင်အားကစားသမားများမှ နိုင်ငံတော်အတွက် ရွှေ ခုနစ်ခု၊ ငွေ နှစ်ခု၊ ကြေး ၁၂ ခု ရယူပေးနိုင်ခဲ့ပြီး နိုင်ငံတော်ဂုဏ်ကို တစ်ဖက်တစ်လမ်းမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ ကျင်းပရာမှာလည်း ၁၅-၆-၂၀၁၄ ရက်နေ့မှ ၁၇-၆-၂၀၁၄ ရက်နေ့ထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ ကျင်းပတဲ့ တိုက်ကွမ်ဒိုပြိုင်ပွဲမှာ ရွှေ ၂၀ ခုချီးမြှင့်ရာမှာ ကယားပြည်နယ်မှ ရွှေ ၁၀ ခုရယူခဲ့ပြီး ပထမဒိုင်းဆုကြီးကို ရယူနိုင်ခဲ့ပါတယ်။ ၎င်းပြိုင်ပွဲများနှင့်အတူ ပြည်နယ်ကွင်းပြိုင်ပွဲများအဖြစ် ကရာတေးဒို၊ ဘော်လီဘော၊ ဘောလုံးနှင့် မီနီမာရသွန်ပြိုင်ပွဲများ ကျင်းပပေးခဲ့ရာမှာ အားကစားသမား ၂၅၀ ဦး၊ မီနီမာရသွန်ပြိုင်ပွဲတွင် အားကစားသမား ၂၆၅ ဦး ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။

သို့ဖြစ်၍ အားကစားလူငယ်မောင်မယ်များ များစွာပေါ်ထွက်လျက်ရှိရာ ထူးချွန်ထက်မြက်သော နည်းပြများလည်း ပေါ်ထွက်လာပြီးတော့ အားကစားဝန်ကြီးဌာနအောက်ရှိ မြို့နယ်အသီးသီးမှာ တာဝန်များထမ်းဆောင်လျက် ရှိနေပါတယ်။ သို့ဖြစ်ပါ၍ လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးစေရန်နှင့် အားကစားစွမ်းရည်မြင့်မားရေး၊ ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာရေး၊ နိုင်ငံ့ဂုဏ်ဆောင်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ကယားပြည်နယ်တွင် အားကစားအရင်းအမြစ်ဖြစ်သော အားကစားသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန် နိုင်ငံတော်မှ အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက အားကစားကွင်းမြေနေရာ သင်တန်းသားများအတွက် အဆောက်အဦမြေနေရာများ အလုံအလောက်ရှိပါကြောင်း လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ကန့်ကြီးထောင့်မြို့နယ် ဘောလုံးအားကစားကွင်းကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဝင်း၊ ကန့်ကြီးထောင့်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန့်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန့်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကန့်ကြီးထောင့်မြို့နယ်၏ မြို့နယ်အားကစားကွင်းကို ၁၉၉၆-၁၉၉၇ ခုနှစ်တွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်ပြီး မြို့နယ်ဒေသခံများ၏အင်အားဖြင့် ကွင်းနံရံလေးဖက် အုတ်စည်းရိုးကာရံခြင်း၊ ပွဲကြည့်စင်တစ်ခုပြုလုပ်ခြင်း၊ ကွင်းပြင်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်အဆင့် ဘောလုံးပြိုင်ပွဲများ၊ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ၊ အထိမ်းအမှတ်နေ့ အားကစားပြိုင်ပွဲများ၊ နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ထူးချွန်အားကစားသမားများလည်း ပေါ်ထွန်းခဲ့ပါတယ်။ ယခုအခါ ကာလကြာမြင့်လာမှုကြောင့် ကွင်းနံရံ အုတ်စည်းရိုးများ ပြိုကျပျက်စီးခြင်း၊ ပွဲကြည့်စင်ပျက်စီးခြင်းနှင့် ကွင်းမြေပြင်များ ပျက်စီးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကန့်ကြီးထောင့်မြို့နယ်၏ မြို့နယ်ဘောလုံးကွင်းကို ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက တပေါင်းတစည်းတည်း ဖြေဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇော်ဝင်း(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇော်ဝင်းဖြစ်ပြီး အားကစားဝန်ကြီးဌာနကိုယ်စား ကယားပြည်နယ်၊

လှိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ညိုရဲ့ ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်တွင် အားကစား၏အရင်းအမြစ်ဖြစ်သော အားကစားသိပ္ပံသင်တန်းကျောင်း တစ်ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဦးစွာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုရရှိရေး အတွက် အခြေခံအရင်းအမြစ်ဖြစ်တဲ့ လူငယ်လူရွယ်အားကစားသမားများ ပြုစုပျိုးထောင်ရေးလုပ်ငန်း ဖြစ်တဲ့ အားကစားနှင့် ပညာရေး ပေါင်းစပ်၊ အားကစားနှင့် ကာယပညာ(သိပ္ပံ) ကျောင်းများကို ရန်ကုန် မြို့နှင့် မန္တလေးမြို့တို့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ဖွင့်လှစ်ပေးနိုင်ရေး အားကစားဝန်ကြီး ဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ တို့မှာဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ၉-၆-၂၀၁၄ ရက်နေ့မှာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအား ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ် တောင်ကြီးမြို့မှာလည်း အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဖွင့်လှစ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်ရရှိပြီးနောက် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ စုစုပေါင်း ပြီးစီးမှုရာခိုင်နှုန်း ၉၀.၇၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းမှာ ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အဦတည်ဆောက် ရေးလုပ်ငန်းများပြီးစီးရေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ တောင်ကြီးမှာရှိတဲ့ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဖွင့်လှစ်ပြီးပါက ရှမ်းပြည်နယ်သာမက ကယားပြည်နယ်အတွင်းမှာရှိတဲ့ လူငယ်လူရွယ်အားကစားသမားစုစုပေါင်း ၁၅၀ ကို စိစစ်ရွေးချယ်ပြီး သင်တန်းများ စတင်ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ ၁၅-၆-၂၀၁၄ ကနေ ၁၇-၆-၂၀၁၄ ရက် နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲအဖြစ် တိုက်ကွမ် ဒိုအားကစားပြိုင်ပွဲကို ကျင်းပရာမှာလည်းပဲ ကယားပြည်နယ်အသင်းက တံခွန်စိုက်ဒိုင်းဆုကို ဆွတ်ခူး နိုင်ခဲ့ပါတယ်။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ မျိုးဆက်သစ်အားကစားသမားများ၊ ထူးချွန်သော အားကစားသမားများ ပေါ်ထွက်ရေးအတွက် ဒေသဆိုင်ရာ အားကစားပြိုင်ပွဲများကိုလည်းပဲ အောင်အောင်မြင်မြင်နဲ့ ကျင်းပပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။

**မူကြမ်း**

တင်ပြလိုတာကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လူဦးရေနှင့် မြို့နယ်များတဲ့ အထက်မြန်မာပြည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာနှင့် အောက်မြန်မာပြည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့များမှာ အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရေး လျာထားခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကယားပြည်နယ်၊ လွိုင်ကော်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ဖွင့်လှစ်ရန် လျာထားခြင်းမရှိသေးသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဦးစားပေး အစီအစဉ်အလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ဝင်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း၏ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် ဘောလုံးအားကစားကွင်း ပြန်လည်ပြုပြင်နိုင်မှုအစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ကျွန်တော်မှ ဆက်လက်ဖြေကြားသွားပါမယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်များမှာ အားကစားကွင်း၊ အားကစားရုံများတည်ဆောက်ပေးရေး၊ ပြုပြင်မွမ်းမံပေးရေးလုပ်ငန်းများကို ဦးစားပေးမြို့နယ်များအလိုက် သတ်မှတ်ရေးနဲ့ပတ်သက်ပြီး အားကစားဝန်ကြီးဌာနအနေနဲ့ အခြေခံမူများချမှတ်ပြီးတော့ ဦးစားပေးစနစ်နဲ့ဆောင်ရွက်ပေးလိုကြောင်း တင်ပြလိုပါတယ်။ ဒီအချက်တွေကတော့ (၁) မြို့နယ်အားကစားကွင်း/အားကစားရုံတည်ဆောက်ရန် လုံလောက်တဲ့ မြေဧရိယာအကျယ်အဝန်းရှိ/မရှိနဲ့ တရားဝင်မြေ ပိုင်ဆိုင်မှုရှိ/မရှိ၊ မြေယာပြဿနာများ ကင်းရှင်းမှုရှိ/မရှိ၊ (၂) လက်ရှိအားကစားကွင်း/အားကစားရုံမှာ အားကစားသမားများ နေ့စဉ်လာရောက်လေ့ကျင့်ယှဉ်ပြိုင်မှုရှိ/မရှိ၊ လအလိုက်အသုံးပြုတဲ့ အကြိမ်အရေအတွက်နှင့် အားကစားသမားများရဲ့ အင်အားအခြေအနေ၊ (၃) မြို့နယ်အတွင်း အားကစားပြိုင်ပွဲကျင်းပပေးနိုင်မှုရှိ/မရှိနှင့် ပါဝင်ယှဉ်ပြိုင်သည့် အရေအတွက်၊ (၄) မြို့နယ်ပြင်ပ အားကစားပြိုင်ပွဲများ တိုင်းအဆင့်/ပြည်နယ်အဆင့်/ခရိုင်အဆင့်များသို့ မြို့နယ်မှ စေလွှတ်နိုင်ခွင့်ရှိ/မရှိ၊ (၅) ဒေသခံမိဘပြည်သူများ အားကစားကို စိတ်ပါဝင်စားအားပေးမှုနဲ့ လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရေးကိစ္စများအတွက် မြို့မိမြို့ဖများ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနဲ့ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ငွေကြေးဘဏ္ဍာရေးဆိုင်ရာများ ထောက်ပံ့ပေးနိုင်မှုအခြေအနေ (၆) အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များသို့လည်းကောင်း၊ မြို့နယ်မှ သွေးသစ်အား

ကစားသမားများ ဖြည့်တင်းပေးနိုင်မှုအခြေအနေနဲ့ မြန်မာ့ပြေးခုန်ပစ်အားကစားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြေးခုန်ပစ်အားကစားသမားကောင်းများ ပေါ်ထွက်ရေးကို မြို့နယ်များမှ အထောက်အကူပြုနိုင်မှု ဆောင်ရွက်နိုင်မှုအခြေအနေများပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါအချက်များနှင့်အညီ အများဆုံးကိုက်ညီတဲ့ မြို့နယ်များကို ဦးစားပေး အဆင့်အလိုက် အားကစားကွင်း၊ အားကစားရုံများကို ပြုပြင်တည်ဆောက်ပေးသွားမှာဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာကော်မတီရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေတွင် ကန်ကြီးထောင့်မြို့နယ် အားကစားခန်းမအသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်းပေါင်း ၂၁၇၅ သိန်းကျော် ခွင့်ပြုပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် ဘောလုံးအားကစားကွင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် အဆိုပြုထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဆီဆိုင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနရုံးအဆောက်အအုံအား ခေတ်နှင့်လျော်ညီစွာ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းကို၊ ဆီဆိုင်မဲဆန္ဒနယ်ကိုယ်စား ဦးခွန်သိန်းဖေ၊ ဟိုပုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုရဲ့ကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ် မြေစာရင်းရုံးအဆောက်အအုံသည် လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်က ရန်ပုံငွေအနည်းငယ်ဖြင့် တည်ဆောက်ထားခြင်းကြောင့် ယခုအခါ အဆောက်အအုံသည်ခိုင်ခံ့မှုမရှိဘဲ ရုံးအဆောက်အအုံအင်္ဂါရပ်အရ အလွန်ဟောင်းနွမ်းနေပြီး ဝန်ထမ်းများရုံးတက်ရသည့်နေရာ ကျဉ်းမြောင်း၍ ရုံးပိုင်းလုပ်ငန်းဆောင်ရွက်ရာတွင်အဆင်မပြေမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ရုံးအဆောက်အအုံဆောက်လုပ်ထားပြီးမြေနေရာမှာလည်း မြေနိမ့်ပြီး မိုးများရွာသွန်းလျှင် ရုံးအဆောက်အအုံ၏အောက်ထပ်အထိ ရေမြောင်းမှရေဆိုးများ ဝင်ရောက်လျက်ရှိနေပါသည်။ စာရင်းမြေပုံမှတ်တမ်းများ လယ်ယာမြေလုပ်ပိုင်ခွင့် အမှုတွဲ

များထိန်းသိမ်းရန် လွန်စွာခက်ခဲပြီး ရွှေ့ပြောင်းရသည့်အပြင် အဆောက်အအုံလုံခြုံမှုမရှိ၍ ခေတ်နဲ့ လျော်ညီသော ဆီဆိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံး အဆောက်အအုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါသည်။

[ဦးဝင်းကို၊ ဆီဆိုင်မဲဆန္ဒနယ်ကိုယ်စား ဦးခွန်သိန်းဖေ၊ ဟိုပုန်းမဲဆန္ဒနယ်က မေးမြန်းပါသည်။]

**တောင်သူပညာပေးစံပြစိုက်ကွက်မှထွက်ရှိသောအဆင့်မြင့် အထွက်တိုးစပါးများ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုး၍ဖြစ်ထွန်းလာသော စပါးများကို အဝယ်ဒိုင်များဖွင့်၍ စိုက်ပျိုးသူများတွက်ခြေကိုက်သော နှုန်းထားဖြင့်ဝယ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ လူမှုဘဝတိုးတက်မြင့်မားမှုကို နိုင်ငံတော်၏ အနာဂတ်ဖန်တီးရန်အတွက် အဓိကသော့ချက်ဖြစ်လိမ့်မည်ဟု ယုံကြည်ပါတယ်။ မိသားစုလယ်ယာစနစ်မှသည် မိသားစုစက်မှုလယ်ယာစနစ်သို့ ရောက်ရှိစေပြီး ထိုမှတစ်ဆင့် လူမှုစီးပွားရေးအခြေခံမှုကို မူတည်၍ တစ်နိုင်ငံလုံးစက်မှုလယ်ယာစနစ်သို့ တစ်ဆင့်ချင်း ကူးပြောင်းခြင်းသည် သဘာဝကျသော ကူးပြောင်းခြင်းစနစ်ဖြစ်ပါသည်။ ထိုသို့ ကူးပြောင်းနိုင်ရန်အတွက် မြေယာအသုံးချခွင့်အခွင့်အရေး ခိုင်မာတည်ငြိမ်ရန်လိုအပ်ပါမည်။ ထို့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ပုံစံ(၇)ကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်လည်း အထူးလိုအပ်ပါသည်။ မြို့ရွာအနှံ့တောင်သူပညာပေးစိုက်ခင်းများ အဆင့်မြင့်မျိုးစပါးစိုက်ကွက်များကိုတွေ့ရှိနေရသည်မှာ အားရစရာကောင်းပြီး နေပြည်တော်တစ်ဝိုက်နှင့် ရန်ကုန်-နေပြည်တော် အမြန်လမ်း၏ဝဲယာတစ်ဖက်တစ်ချက်တွင် စိမ်းလန်းနေသည့် စိုက်ခင်းကြီးများ လုပ်ငန်းခွင်ဝင်နေသည့် စက်ယန္တရားကြီးများကိုတွေ့နေရသည်မှာလည်း လယ်သမားများအတွက် အားကျဖွယ်၊ အားတက်ဖွယ်ကောင်းလှပါတယ်။ သို့ဖြစ်ပါ၍ တောင်သူပညာပေး စံပြစိုက်ကွက်ဇကများသည် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် မည်မျှရှိ၍ ၎င်းစိုက်ခင်းများအတွက် ကုန်ကျစရိတ်များသည် မည်မျှရှိသည်ကို မည်သည့်ဘတ်ဂျက်စာရင်းမှသုံးစွဲပြီး ထိုမှထွက်ရှိလာသော အဆင့်မြင့်အထွက်

တိုးစပါးများကို မည်ကဲ့သို့ ဖြန့်ဖြူးသည်နှင့် ထိုစပါးများကို စိုက်ပျိုး၍ဖြစ်ထွန်းလာသော စပါးများကို စိုက်ပျိုးသူများအား တွက်ခြေကိုက်သောနှုန်းထားဖြင့် အဝယ်ဒိုင်များဖွင့်လှစ်ဝယ်ရန် အစီအစဉ်ရှိ/မရှိ ကိုသိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတစ်ဝှမ်းနှင့် မွန်ပြည်နယ်တို့တွင် နှစ်စဉ်စိုက်ပျိုးသောရော်ဘာစိုက်ဧကနှင့် ရော်ဘာကုန်ကြမ်းထွက်ရှိမှုအား ၂၀၁၀-၂၀၁၁ မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ ၄ နှစ်တာ စာရင်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာထွက်ရှိတဲ့ ရော်ဘာကုန်များနဲ့ စပ်လျဉ်းတဲ့ကိစ္စကိုသိရှိလိုပါ၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် စီးပွားရေးတွက်ခြေကိုက်သည့် စီမံကိန်းဝင်သီးနှံပင်အမျိုးမျိုးတို့ကို စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် ရော်ဘာစိုက်ပျိုးရေးစီမံကိန်းသည် ရွှေဖြူစိုက်ပျိုးရေးစီမံကိန်းဟုပင် တင်စားခေါ်ဝေါ်ရလောက်အောင် နိုင်ငံတော်၏စီးပွားရေးအတွက် အောင်မြင်မှုရရှိခဲ့သော စီမံကိန်းဝင်စိုက်ပျိုးပင်တစ်ရပ်ဖြစ်ပါကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းရော်ဘာစိုက်ပျိုးရေးအကြောင်းများနှင့် ဆက်နွယ်သော ကိစ္စရပ်များကိုသိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာများသို့ အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) မြန်မာနိုင်ငံတွင် နှစ်စဉ်ရော်ဘာ စိုက်ပျိုးသောမြေဧကနှင့် နှစ်စဉ်ထွက်ရှိသော ရော်ဘာကုန်ကြမ်းများတို့ကို ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ၄ နှစ်စာအတွက်စာရင်းကိုနှစ်အလိုက်၊ တိုင်းနဲ့ပြည်နယ်အလိုက် သိရှိလိုပါသည်။ (၂) အဆိုပါရော်ဘာကုန်ကြမ်းများအား ပြည်တွင်းတွင်မည်မျှသုံးစွဲပြီး ပြည်ပနိုင်ငံများသို့မည်မျှ တင်ပို့ရောင်းချခဲ့သည့်စာရင်းကို သိရှိလိုပါသည်။ (၃) ပြည်တွင်း၌ သုံးစွဲသည့်ရော်ဘာကုန်ကြမ်းများအား မည်သည့်ဌာနမှ မည်သည့်ကိစ္စအတွက် သုံးစွဲလျက်ရှိကြောင်းနှင့် မည်သည့်ကုန်ပစ္စည်းများကို ပြန်လည်ထုတ်လုပ်နေပါကြောင်းဆိုတာကိုလည်း သိရှိလိုပါသည်။ (၄) မွန်ပြည်နယ်တစ်နယ်တည်း၏

ရော်ဘာစိုက်ဧကနှင့် ရော်ဘာကုန်ကြမ်းထွက်ရှိမှု အတိုင်းအတာအား ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ၄ နှစ်တာစာရင်းကို နှစ်အလိုက် မြို့နယ်အလိုက် သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် သုံးဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနက တပေါင်းတစည်းတည်း ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးဟာ ဆီဆိုင်မြို့၊ မြကန်သာရပ်ကွက်၊ အကွက်အမှတ်(၃) မြကန်သာမြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ ၀.၁၃၀ ဧကရှိ ဌာနပိုင်အမည်ပေါက် နှစ် ၃၀ ဂရန်ရရှိပြီးမြေပေါ်မှာ ၃၆ ပေ၊ ၂၆ ပေ၊ ၁၈ ပေအကျယ်၊ သွပ်မိုး၊ အောက်ထပ်အုတ်ညှပ်၊ အပေါ်ထပ်ပျဉ်ကာ နှစ်ထပ်အဆောက်အဦဖြစ်ပြီး လက်ရှိမှာ လုပ်ငန်းများကောင်းစွာဆောင်ရွက်နိုင်မည့် အခြေအနေရှိသော အဆောက်အဦဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ်မြေစာရင်းဦးစီးဌာနမှာ လက်ရှိဝန်ထမ်းအင်အား ၂၂ ဦးဖြင့် ရုံးလုပ်ငန်း၊ ကွင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရဲ့ လုပ်ငန်းသဘောသဘာဝအရ ကွင်းဆင်း၍ သီးနှံစာရင်းဇယားများ ကောက်ယူ၍ စာရင်းပြုစုတင်ပြရသဖြင့် ဝန်ထမ်းအားလုံးအချိန်ပြည့်ရုံးတက်ရောက်ဆောင်ရွက်မှုမရှိသဖြင့် လက်ရှိ ဖွင့်လှစ်ထားသော နှစ်ထပ်ရုံးအဆောက်အအုံမှာ လုပ်ငန်းများဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဆီဆိုင်မြို့နယ် မြေစာရင်းရုံးအနေနဲ့ ၂၀၁၄-၂၀၁၅ ယခုနှစ်ဘဏ္ဍာရေးနှစ်မှာ ရုံးပြင်ဆင်ရန်အတွက် ငွေကျပ် ၁.၆ သန်း တောင်းခံလာမှုအပေါ်မှာလည်း ခွင့်ပြုစိစစ်ပြီးဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ် မြေစာရင်းရုံး တည်နေရာဟာ မြေနိမ့်ပိုင်းမှာတည်ရှိပြီး ရေနုတ်မြောင်းကောင်းမွန်မှုမရှိ၍ ရုံးခြံဝန်း

အတွင်းမှာ ရေဝင်ရောက်လေ့ရှိပြီး၊ ရေနုတ်မြောင်းစနစ်ကောင်းမွန်ပါက အခက်အခဲများ မရှိနိုင်ပါကြောင်းတင်ပြအပ်ပါတယ်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအနေနဲ့ ဌာနပိုင်ရုံးအဆောက်အဦတည်ဆောက်ရခြင်းမရှိသေးတဲ့ မြို့နယ်ရုံး ၃၁ ရုံးနဲ့ မြို့နယ်ခွဲရုံး ၃၁ ရုံးအား ဦးစားပေးအစီအစဉ်ဖြင့် ရုံးအဆောက်အအုံများ ဆောက်လုပ်အသုံးပြုနိုင်ရေးအတွက် ကာလတို ၅ နှစ် စီမံကိန်းများရေးဆွဲပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မှာ ဆောင်ရွက်လျက်ရှိပါသဖြင့် ဌာနပိုင်ရုံးအဆောက်အအုံရှိပြီးဖြစ်တဲ့ ရုံးများအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဌာနပိုင်ရုံး အဆောက်အအုံမရှိသေးတဲ့ရုံးများ လိုအပ်ချက်ပြည့်စုံမှသာလျှင် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး နှစ်ကာလကြာမြင့်သော ရုံးအဆောက်အအုံများအား ဦးစားပေး၍ ပြင်ဆင်မွမ်းမံဆောက်လုပ်ခြင်းများ ဆက်လက်စီမံဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်ရဲ့ မေးခွန်းအပေါ်မှာ ဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းကို ၁-၁-၂၀၁၃ ရက်နေ့မှစပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ စတင်ဆောင်ရွက်ခဲ့ရာမှာ ၃၀-၆-၂၀၁၄ ရက်နေ့ အထိ ပထမဦးစားပေးဆောင်ရွက်မှုအတွက် ၉၉.၇ ရာခိုင်နှုန်း၊ ဒုတိယဦးစားပေးဆောင်ရွက်မှုအတွက် ၂၁.၁၉ ရာခိုင်နှုန်း စုစုပေါင်း ၉၆.၀၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ သမားရိုးကျလယ်ယာမြေများအား စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများဖော်ထုတ်ပေးခဲ့ရာမှာ ၂၀၁၄-၂၀၁၅၊ ဘဏ္ဍာရေးနှစ် မေလကုန် အထိဌာနအစီအစဉ်ဖြင့် ၃၂၈၅၆.၄၃ ဧက၊ အဖွဲ့အစည်း/ကုမ္ပဏီ/တောင်သူများအစီအစဉ်နဲ့ ၁၈၄၂၇.၉၃ ဧက စုစုပေါင်း ၅၁၂၈၄.၃၆ ဧကဖော်ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သမားရိုးကျလက်မှုလယ်ယာစနစ်မှ လယ်ယာသုံးစက်ကိရိယာများသုံးစွဲ၍ စက်မှုလယ်ယာစနစ်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၀-၂၀၁၁၊ ဘဏ္ဍာရေးနှစ်ကုန်မှာထွန်စက်ကြီး ၈၉၇၂ စီး၊ လက်တွန်းထွန်စက် ၁၇၃၁၃၂ စီး ရှိရာကနေပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ မေလကုန်မှာ ထွန်စက်ကြီး ၁၂၀၉၁စီး၊ လက်တွန်း ထွန်စက် ၂၅၉၄၂၄ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၆၈၃ စီးအထိ တိုးတက်သုံးစွဲလာပြီဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်တွေမှာ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးရာသီမှာ ဧက ၅၀-၁၀၀ တောင်သူပညာ ပေးစိုက်ခင်းများကို မြို့နယ်ပေါင်း ၂၇၀ မှာ ဧကပေါင်း ၂၈၆၄၃ ဧကနှင့် မိုးစပါး ၁၀ ဧက စံပြ

**မူကြမ်း**

စိုက်ခင်းများကို မြို့နယ်ပေါင်း ၃၀၀ မှာ ၆၈၁၅၁၆၈ဧက စိုက်ပျိုးပြသလေ့ကျင့်ပညာပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ နှမ်းစပါးရာသီမှာလည်းပဲ ဧက ၅၀-၁၀၀ တောင်သူပညာပေး စိုက်ခင်းများကို မြို့နယ်ပေါင်း ၁၆၈ မြို့နယ်မှာ ၁၂၅၁၂ ဧကနဲ့ နှမ်းစပါး ၁၀ ဧက စံပြကွက်များအား မြို့နယ်ပေါင်း ၁၇၉ မြို့နယ်မှာ ၄၆၉၃ ဧက ပြသဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ တောင်သူပညာပေးစိုက်ခင်းများ ၁၀ ဧကစံပြကွက်များကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စုစုပေါင်း ၅၂၆၇၂ ဧက တောင်သူများကို စိုက်ပျိုးပြသပညာပေးခဲ့ပါတယ်။

မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့အတွက် အထူးအထွက်တိုးစပ်မျိုးစပါးများ၊ အထွက်ကောင်းမျိုးသန့်များကို ဌာနပိုင်ခြံများမှလည်းကောင်း၊ အကျိုးဆောင်တောင်သူများရဲ့ စိုက်ခင်းများမှာလည်းကောင်း၊ Great Wall, Top Partner, Big-M, deVGen, မြတ်အိန္ဒြေနှင့် New Ayar စတဲ့ ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ မျိုးစေ့ထုတ်စိုက်ခင်းများမှာသော်လည်းကောင်း ကုမ္ပဏီများ၏ ကုန်ကျ စရိတ်ဖြင့် မျိုးစေ့ထုတ်လုပ်ပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ခုနှစ်မှာ ပုလဲသွယ်စပါးစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ၁၃၃၂ ဧက ဆောင်ရွက်ခဲ့ပြီး ဌာနက ၇၈၁ ဧက၊ ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများက ၅၅၁ ဧက၊ ထုတ်လုပ်ပေး နိုင်ခဲ့ပြီး ဧကပေါင်း၊ တင်းပေါင်း ၁၄၀၀၀၀ ကျော်အား မျိုးများဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ နောင်လာ မည့်နှစ်များမှာလည်းပဲ မျိုးစေ့ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကအခန်းကဏ္ဍမှ အဓိကဆောင်ရွက်သွား နိုင်အောင်စည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ မျိုးစေ့ထုတ်လုပ်ငန်းများကို ကုမ္ပဏီ များမှ ဆောင်ရွက်လျက်ရှိသော်လည်းပဲ ပညာရှင်မလုံလောက်သဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင် များကူညီပေးရလျက်ရှိပါတယ်။ မိဘမျိုးစေ့လိုအပ်ချက်များကိုလည်း ကူညီပေးလျက်ရှိပါသည်။

ဒေသရေမြေနှင့်ကိုက်ညီတဲ့ အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ (မနောသုခ၊ ဆင်းသွယ် လတ်၊ ရောမင်း၊ ပေါ်ဆန်း) စတဲ့ မျိုးကောင်းမျိုးသန့်များကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ နှစ်စဉ်ဌာန ပိုင်ခြံ များ၊ မျိုးသန့်စံပြရွာများ၊ အကျိုးဆောင်တောင်သူများဖြစ်ကြတဲ့ ဥပမာ-ဦးကြည်စိန်၊ မြစ်သားမြို့နယ်မှ ရွှေနန်းတော်အစရှိတဲ့ ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများနှင့်ပူးပေါင်းပြီး စုစုပေါင်း ၈၇၁၆၈ ဧက၊ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး မျိုးသန့်စပါးမျိုးများအဖြစ် တင်းပေါင်း ၇၁၇၄၁၁၈ တင်း စုစုပေါင်း ဧကပေါင်း ၄၇၀၀၀၀၀ ကျော်ကို တစ်နိုင်ငံလုံးတောင်သူများကို ဖြန့်ဖြူးပြီးတော့ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး

နိုင်အောင်ဖြန့်ဖြူးပေးခဲ့ပါတယ်။ မျိုးစေ့ထုတ်စိုက်ခင်းများမှ ထွက်ရှိလာတဲ့ မျိုးကောင်းမျိုးသန့်တွေကို တောင်သူများရဲ့လိုအပ်ချက် (Market Demand)အရ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

စိုက်ပျိုး၍ထွက်ရှိလာတဲ့ စပါးများကို နိုင်ငံတော်ရဲ့ဈေးကွက်စီးပွားရေးစနစ်မူဝါဒ အကောင်အထည်ဖော်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူရန် အစီအစဉ်မရှိပါကြောင်းနှင့် တောင်သူလယ်သမားများ ဈေးနှုန်းမှန်ကန်စွာရရှိရေးအတွက် ဆန်စပါးရောင်းဝယ်ဖောက်ကားသော အသင်းအဖွဲ့များ၊ ဥပမာ- ကျောက်ဆည်မြို့နယ်ရှိ ဇာမဏီကုမ္ပဏီ၊ သံလျက်ဆန်စက်၊ ဝက်လက်မြို့နယ်မှာရှိတဲ့ ကုန်သည် ဦးဇော်+ဒေါ်ဝါဝါ၊ ဧရာဟသာ ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် Top Partner စတဲ့ ကုမ္ပဏီတို့ကို ရိတ်ပြီးပြီးချင်း စပါး(အစို) တင်း ၁၀၀ လျှင် ကျပ် ၄၂၀၀၀၀ိ/-နှင့်အထက် ဈေးပေး၍ ဝယ်ယူလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးလှမောင် မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရော်ဘာစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိရာမှာ ရော်ဘာစိုက်ဧကများမှာလည်း တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်တိုးတက်လာခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ရော်ဘာစိုက်ဧက ၁.၂ သန်းခန့်ရှိပြီး ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ရော်ဘာစိုက်ဧက ၁.၃ သန်းခန့် စိုက်ပျိုးလာခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ရော်ဘာစိုက်ဧက ၁.၄ သန်းခန့်ရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရော်ဘာစိုက်ဧက ၁.၅ သန်းအထိ တိုးတက်စိုက်ပျိုးလာခဲ့ပါတယ်။ Power Point နဲ့လည်း စာရင်းဇယားများကို ဆက်လက်တင်ပြထားတာဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ လေးနှစ်အတွင်းမှာ စိုက်ဧက ၂၆၀၀၀၀ ဧက တိုးတက်စိုက်ပျိုးလာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်ရော်ဘာစိုက်ပျိုးသော မြေဧကနှင့် နှစ်စဉ်ထွက်ရှိသော ရော်ဘာကုန်ကြမ်းများရဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ လေးနှစ်စာစာရင်းကိုလည်းပဲ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် Power Point နဲ့ ကျွန်တော်တို့ ရှင်းလင်းဖော်ပြထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုထားတဲ့ ပူးတွဲပါပုံစံအတိုင်းလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးအား ပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ထုတ်လုပ်မှုစာရင်းအရ နိုင်ငံအတွင်း ရော်ဘာကုန်ကြမ်း ၁၇၆၉၁၅ တန် ထုတ်လုပ်ခဲ့ရာမှာ ကောက်ယူရရှိတဲ့ စာရင်းများအရ

**မူကြမ်း**

ပြည်ပနိုင်ငံများဖြစ်တဲ့ တရုတ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ ယူအေအီး၊ ဟောင်ကောင်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံများကို ရော်ဘာကုန်ကြမ်း ၈၁၉၆၂ တန်ကို တင်ပို့ ရောင်းချပေးနိုင်ခဲ့ပါတယ်။ နိုင်ငံမှထွက်ရှိတဲ့ ရော်ဘာများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ပြည်ပနိုင်ငံများသို့ တင်ပို့မှုစာရင်းအားလည်း ပူးတွဲဖော်ပြထားတာလည်းဖြစ်ပါတယ်။

ပြည်တွင်းမှာ သုံးစွဲလျက်ရှိတဲ့ ရော်ဘာကုန်ကြမ်းများအား အစိုးရဌာနများနှင့် ပုဂ္ဂလိကများအနေနဲ့ ရော်ဘာအစေးမှ အားကစားသုံးဘောလုံးအမျိုးမျိုးနဲ့ လက်အိတ်အမျိုးမျိုး၊ ရော်ဘာရေမြှုပ်မွေ့ယာနှင့် သားရေကွင်းများထုတ်လုပ်ပြီး မှိုင်းခံရော်ဘာကို တာယာနှင့်ကျွတ်အမျိုးမျိုး၊ ပန်ကာကြိုးများနှင့် ဖိနပ်အမျိုးမျိုးကို ပြည်တွင်းမှာ ထုတ်လုပ်လျက်ရှိပါတယ်။ မွန်ပြည်နယ်မှာ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ အစေးလှီးဆဲဧက ၂၇၈၅၄၀ ဧက၊ အစေးမလှီးရသေးတဲ့ဧက ၁၇၃၁၈၅ ဧက စုစုပေါင်း ၄၅၁၇၂၅ ဧကရှိပြီးတော့ ရော်ဘာကုန်ကြမ်း ၈၂၃၇၄ တန်ထွက်ရှိခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ အစေးလှီးဆဲဧက ၂၈၆၅၀၂ ဧက၊ အစေးမလှီးဧက ၁၇၇၉၇၅ ဧက စုစုပေါင်း ၄၆၄၄၇၇ ဧကရှိပြီးတော့ ရော်ဘာကုန်ကြမ်း ၉၇၄၈၉ တန်ထွက်ရှိခဲ့ပါတယ်။ Power Point နဲ့လည်း အသေးစိတ်ပြထားပြီး ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အစေးလှီးဆဲ ၂၉၃၄၂၃ ဧက၊ အစေးမလှီးဧက ၁၇၆၆၄၃ ဧက စုစုပေါင်း ၄၇၀၀၀၀ ကျော်ရှိပြီးတော့ ရော်ဘာကုန်ကြမ်း ၁၀၀၀၀၀ ကျော်တန် ထွက်ရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အစေးလှီးဆဲဧက ၃၀၅၃၉၁ ဧက၊ အစေးမလှီးရသေးတဲ့ဧက ၁၇၄၈၃၃ ဧက စုစုပေါင်း ၄၈၀၀၀၀ ဧကရှိပြီးတော့ ရော်ဘာကုန်ကြမ်း ၁၀၁၀၀၀ ကျော်တန်ထွက်ရှိခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ လေးနှစ်အတွင်းမှာ စိုက်ဧက မွန်ပြည်နယ် တစ်ခုတည်းမှာပဲ ၂၈၄၉၉ ဧက တိုးတက်စိုက်ပျိုးလာခဲ့ပြီး ရော်ဘာကုန်ကြမ်း ၁၉၄၆၆ တန် ပိုမို ထွက်ရှိလာခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုထားတဲ့ မွန်ပြည်နယ်ရဲ့ ရော်ဘာစိုက်ဧကနှင့် ရော်ဘာကုန်ကြမ်းထွက်ရှိမှု လေးနှစ်တာ စာရင်းကိုလည်း ပူးတွဲပြီး Power Point နဲ့ ရှင်းလင်းဖော်ပြအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**သဲကုန်းမြို့နယ်ရှိ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနသို့ မေးမြန်းလိုသောမေးခွန်းကတော့ စိုက်ပျိုးမွေးမြူရေးအတန်းကျောင်း သဲကုန်းမြို့မှာ ပြန်လည်ဖွင့်လှစ်ခွင့်ရရန် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ ပဲခူးအနောက်မှာရှိတဲ့ တောင်နဝင်းဆည်၊ မြောက်နဝင်းဆည် ပြုပြင်ရေးစီမံကိန်းတွေကို နိုင်ငံတော်အစိုးရကနေပြီးတော့ ပြုပြင်ဖို့ စီမံဆောင်ရွက်ထားပေးမှု၊ နောက် ဝဲကြီး၊ တောင်ညိုများ အပါအဝင် ဒီဆည်တွေကို ပြန်လည်ပြုပြင်ပေးမှုကြောင့် တောင်သူလယ်သမားများကလည်း ဝမ်းမြောက်ဝမ်းသာလျက်ရှိပါတယ်။ ထို့နည်းတူ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ ရေကြီးရေနစ်မှု၊ ချောင်းမြောင်းတူးဖော်မှုလုပ်ငန်းများမှာ နိုင်ငံတော်အစိုးရကနေ ငွေကုန်ကြေးကျခံပြီး တောင်သူ လယ်သမားများအကျိုးအတွက် ဆောင်ရွက်ပေးတဲ့အတွက် ယခုအခါမှာ စိုက်ဧက အတော်များများဟာ ရေတော်မိုးတော် စိုက်နိုင်တဲ့အခြေအနေရှိပါတယ်။ အဲဒီလို တောင်သူလယ်သမားများဟာ ဝမ်းသာ သည့်အလျောက် ကျွန်တော်တို့နဲ့တွေ့ဆုံတဲ့အခါမှာ ကျွန်တော်တို့ ယခင်က သဲကုန်းမြို့နယ်မှာရှိခဲ့တဲ့ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်ပေးမယ်ဆိုရင် ကျွန်တော်တို့ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်နေကြမယ့် မျိုးဆက်သစ် တောင်သူလယ်သမားလူငယ်တွေ အတွက် စည်းစနစ်တကျ ခေတ်မီစိုက်ပျိုးနည်းစနစ်များကိုရရှိပြီးတော့ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဟာ ပိုမိုပြီးတော့ ဖွံ့ဖြိုးလာမယ်လို့ယူဆတဲ့အတွက် တောင်သူ လယ်သမားများရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်မှာ ယခင်က ဖွင့်လှစ်ထားရှိခဲ့တဲ့ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းကို ယခုအခါ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ။ လေးစား စွာဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးဧရိယာများ ပျက်စီးထိခိုက်မှုမရှိအောင် မည်သို့ကြိုတင်စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်ပျက်စီးမှုများနိုင်သော၊ ထိခိုက်ပျက်စီးမှုလွယ်သော ဧရိယာဒေသများအား ပျက်စီးထိခိုက်မှုမရှိအောင် မည်သို့ကြိုတင်ကာကွယ်စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အကြီးအကျယ်ခံရမည့်စာရင်းထဲမှာ အဆင့်(၄)မှာ ရှိနေပါတယ်။ အထူးသဖြင့် ပျက်စီးမှုအကြိမ်အားဖြင့် ၁၀ နှစ်လျှင် လေးနှစ်ပျက်စီးမှုခံရကြောင်း လေ့လာတွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် သမင်မွေးလိုက် ကျားစားလိုက်သဘောမျိုး သက်ရောက်နေပါတယ်။ အထူးသဖြင့် အောက်မြန်မာပြည် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်၍ သီးနှံများပျက်စီးမှုရှိပြီး မိုးခေါင်ရေရှား အလယ်ပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိ အချို့နေရာများတွင် မိုးခေါင်ရေငတ်ဒဏ်ကြောင့် သီးနှံများ ပျက်စီးခြင်းများတွေ့ရှိရပါသည်။ ယခုနှစ်မှာဆိုရင်လည်း မြန်မာနိုင်ငံအလယ်ပိုင်းမှာ ကွက်ကြားမိုးများခြင်း၊ မိုးနည်းခြင်းတွေ့ကြုံနေရပါတယ်။

ဒါကြောင့်မို့လို့ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်စီမံဆောင်ရွက်ထားပေးခြင်းသည် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထူးအထောက်အကူပြုစေပါတယ်။ သို့ဖြစ်ပါ၍ ရာသီဥတုဖောက်ပြန်မှုကို အံတုနိုင်သော၊ ဖြေရှင်းဆောင်ရွက်နိုင်သော နည်းလမ်းများစွာထဲမှ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် လူ၊ တိရစ္ဆာန်အစား လယ်ယာသုံးစက်ကိရိယာများ အစားထိုးပြောင်းလဲအသုံးပြုဆောင်ရွက်ပေးရေး၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေးအတွက် အစိုးရက ပင်မကုန်ထုတ်လမ်းများဖောက်လုပ်ပေးရေး၊ အောက်မြန်မာပြည် ရေကြီးနစ်မြုပ်မှုမရှိစေရန် တိမ်ကောနေသော မြစ်၊ ချောင်း၊ ရေမြောင်းများတူးဖော်ပေးစေဖို့ လိုအပ်ပါတယ်။ မိုးခေါင်ရေရှား အလယ်ပိုင်းဒေသများအား ရေငတ်မှုမရှိစေရန် လျှိုမြောင်များ၊ တစ်ဖက်ရပ်ဆည်များ၊ ဆည်မြောင်းရေပေးဝေမှုမြောင်းများ ပြုပြင်ပေးခြင်းနှင့် အချို့နေရာဒေသများတွင် မြေအောက်ရေကို အကျိုးရှိရှိ အသုံးချနိုင်စေရန် အဝီစိတွင်းတူးရေဖြင့် စိုက်ပျိုး

ရေးလုပ်ငန်းများ အစီအစဉ်များ ထောက်ပံ့စီမံဆောင်ရွက်ပေးဖို့ အထူးလိုအပ်ပါတယ်။ အစိုးရအနေနဲ့ လုပ်နေတာကိုလည်း တွေ့မြင်ရပါတယ်။ ဒါပေမယ့် တကယ့်ကို နက်နက်နဲနဲ စိုက်ပျိုးရေးကဏ္ဍကြီးကို ဦးစားပေးပြောင်းလဲ ဆောင်ရွက်ဖို့ အထူးလိုအပ်နေပါတယ်။ လက်ရှိအခြေအနေမှာ စံပြ For Show လုပ်ငန်းများဆောင်ရွက်ခြင်းထက် အနှစ်ပါသော တောင်သူလယ်သမားအများစုကို အကျိုးပြုစေတဲ့ လုပ်ငန်းများ ထိခိုက်ပျက်စီးမှုများသော၊ ထိခိုက်ပျက်စီးမှုလွယ်သော ဇရိယာများကို ဦးစားပေး ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးမှုမရှိအောင် ဦးစားပေးဇရိယာများအလိုက် ကြိုတင်စီမံကယ်ဆယ်ရေးလုပ်ငန်းများ အထူးဆောင်ရွက်ပေးဖို့လို အပ်ပါတယ်။ ဒီမေးခွန်းအပေါ် လုပ်နေပါတယ်လို့ တိုတိုဖြေကြားပေးရင်လည်း ရပါတယ်။ ဒါပေမယ့် ရေကြီးနစ်မြုပ်တော့မယ့် ဧရာဝတီတိုင်းဒေသကြီးမှာတော့ ကောနေတဲ့ရေမြောင်းများ တူးဖော်ပေး မှုဟာ အလွန်အားနည်းလျက်ရှိပါတယ်။ ကြိုတင်ကာကွယ်စီမံဆောင်ရွက် ထားမှုနည်းပါးလျက်ရှိ ကြောင်းတင်ပြရင်း ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းနှစ်ခုကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပထမရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ သဲကုန်း မြို့နယ်၊ စိုက်ပျိုးရေးမွေးမြူရေးအထက်တန်းကျောင်းကို ပညာရေးဝန်ကြီးဌာနမှ ၁-၆-၁၉၆၅ မှာ စတင် ဖွင့်လှစ်သင်ကြားခဲ့ပြီး ၁-၁-၁၉၉၇ မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာနအောက်ကိုလွှဲပြောင်းပြီး စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းအဖြစ် ဆက်လက် ဖွင့်လှစ်ခဲ့ပါတယ်။ ၁-၆-၁၉၉၇ မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးသုတေသနဌာနခွဲကို စိုက်ပျိုးရေးသုတေသနခြံအဖြစ် လွှဲပြောင်းဆောင်ရွက်ခဲ့ပြီး ၂၇-၁-၂၀၀၄ နေ့ရက်မှ ယနေ့ထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနခြံအဖြစ် သုတေသနလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါတယ်။ သဲကုန်းစိုက်ပျိုးရေးသုတေသနခြံဟာ ၃၁.၇၃ ဧက ကျယ်ဝန်းပြီး စိုက်ပျိုးနိုင်သော

ဧရိယာ ၁၃.၅၀ ဧကပေါ်မှာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ ရေငတ်ခံစပါးများ တောင်သူအဆင့် အထွက်ယှဉ်ပြိုင်ခြင်း၊ စပ်မျိုးစပါးများ အထွက်ယှဉ်ပြိုင်ခြင်း၊ သီးနှံစိုက်စနစ် စမ်းသပ်ကွက် ဘက်တီးရီးယားရွက်ခြောက်ရောဂါ ခံနိုင်ရည်ရှိမျိုးများ သရုပ်ပြစမ်းသပ်ခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် GAP နှင့် သမားရိုးကျကောက်စိုက် နည်းစနစ်နှိုင်းယှဉ်ခြင်း၊ ဓာတုပိုးသတ်ဆေးများရဲ့ စပါးဆစ်ပိုး၊ ဖြုတ်ပိုး၊ ကြက်သွန်မြိတ်ပိုးများအပေါ်မှာ အကျိုးသက်ရောက်မှု စမ်းသပ်ခြင်း၊ ဗီဇတည်ငြိမ် မတ်ပဲလိုင်းများ မျိုးထိန်းစိုက်ပျိုးခြင်းတို့ကို လက်ရှိ ဆောင်ရွက်လျက်ရှိပါတယ်။

သဲကုန်းသုတေသနခြံဟာ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းအတွက် ဒေသအလိုက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်တဲ့ သီးနှံမျိုးကောင်းမျိုးသန့်များနှင့် မျိုးသစ်များ မွေးမြူထုတ်လုပ်ပေးရေးအတွက် အထောက်အကူပြုခြင်း၊ သီးနှံမျိုးအလိုက် အကျိုးအမြတ် အများဆုံးရရှိစေနိုင်မယ့် စိုက်ပျိုးနည်းစနစ်နှင့် သီးနှံပုံစံများကို ဖော်ထုတ်ပေးနိုင်ခြင်း၊ မျိုးသန့်အဆင့်ဆင့်ပွားများ၍ ဖြန့်ဝေပေးနိုင်ခြင်းနဲ့ ဒေသတွင်းရှိတဲ့ စိုက်ပျိုးရေးဆိုင်ရာပြဿနာတွေကို ကူညီဖြေရှင်းပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နေသော အကျိုးပြုစိုက်ပျိုးရေးသုတေသနခြံတစ်ခြံ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအောက်မှာ စိုက်ပျိုးရေးသိပ္ပံကျောင်း ကိုးခု ဖွင့်လှစ်သင်ကြားလျက်ရှိပြီး မြစ်ကြီးနား၊ ဘားအံနှင့် ဒီမောဆိုမြို့နယ်တွေမှာ ၂၀၁၄ ခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနပိုင် သဲကုန်းစိုက်ပျိုးရေးသုတေသနခြံဟာ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ တောင်သူများအတွက် အကျိုးပြုနေသော ခြံတစ်ခြံဖြစ်ခြင်း၊ လက်ရှိ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း သာယာဝတီမြို့နယ်မှာ သာယာဝတီစိုက်ပျိုးရေးသိပ္ပံကျောင်း လက်ရှိဖွင့်လှစ်သင်ကြား ပေးလျက်ရှိခြင်းတို့ကြောင့် သဲကုန်းစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းအား ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ မိုးခေါင်မှုများကြုံတွေ့ရပါသဖြင့် မိုးခေါင်ဒဏ်ခံနိုင်တဲ့ သီးနှံမျိုးများ ဖော်ထုတ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးသည့်မြေအမျိုးအစားအလိုက် စိုက်ချိန်ပြောင်းလဲညှိနှိုင်းစိုက်ပျိုးခြင်း သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းထက် သီးနှံနှစ်မျိုးမှသုံးမျိုး သီးရောများစိုက်ပျိုးခြင်း၊

သီးနှံနှင့်သစ်တော တွဲဖက်စိုက်ပျိုးခြင်း(Agro-forestry) စသည်တို့ကို ဆောင်ရွက်ရန်လိုအပ်ပါတယ်။ လက်ရှိလည်းပဲ ပြောင်းလဲလာတဲ့ ရာသီဥတုအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအနေနဲ့လည်း သီးနှံပုံစံများ ချမှတ်ပြီး Crop Diversification လုပ်နိုင်အောင်ဆောင်ရွက်လျက်ရှိ ပါတယ်။ ရာသီဥတုသည် သဘာဝ၊ လူသာလျှင် ပဓာန၊ နည်းပညာသာလျှင် အဓိကဖြစ်တဲ့အတွက် လက်ရှိမိုးခေါင်ဒဏ်ဖြစ်နေတဲ့ ဒေသတွေပေါ်မှာ ဒေသနဲ့ကိုက်ညီတဲ့ သီးနှံပုံစံများကို ပြောင်းလဲ စိုက်ပျိုးစေခြင်း၊ ဒေသနဲ့ကိုက်ညီတဲ့ မိုးခေါင်ဒဏ်ခံနိုင်တဲ့ သီးနှံမျိုးကို ပြောင်းလဲစိုက်ပျိုးစေခြင်း များကို လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသမှာရှိတဲ့ သမားရိုးကျစိုက်ပျိုး နေတဲ့ သီးနှံများနေရာမှာ မိုးခေါင်ဒဏ်ခံနိုင်တဲ့ ရေလိုအပ်မှုနည်းတဲ့ သရက်၊ ဆီးသီး၊ နဂါးမောက်၊ သြဇာကဲ့သို့ သီးနှံများ အစားထိုးစိုက်ပျိုးခြင်း၊ ဥပမာ- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ စစ်ကိုင်း ခရိုင်၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်နှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်တို့မှာ လက်ရှိစီးပွားဖြစ်နေတဲ့ သနပ်ခါး၊ ဇီး၊ လျှော်ဖြူပင်၊ စင်ရွှေပင်၊ နဂါးမောက်၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းစတဲ့ သီးနှံတွေကို သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစတဲ့ နည်းပညာများနဲ့ ပညာပေးဆောင်ရွက်လျက် ရှိပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာ ရေကြီးနစ်မြုပ်ခြင်း၊ ရေကြီးနစ်မြုပ်မှုကဲ့သို့ ဘေးအန္တရာယ် နှစ်စဉ်ကျရောက်တတ်တဲ့ မြို့နယ်များမှာ ဒေသနှင့်ကိုက်ညီတဲ့ အရန်မျိုးများ၊ အရန်ပျိုးများ ကြိုတင်ပြင်ဆင်ထားရှိရန် နှိုးဆော်ချက်များကိုလည်း နှစ်စဉ်ထုတ်ပြန် လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ယခုအခါမှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ် ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပြီးတဲ့နောက် နည်းဥပဒေကိုလည်း ဒီနေ့အထိ နည်းဥပဒေရေးဆွဲရေးကော်မတီက ရေးဆွဲပြီးတော့ သက်ဆိုင်ရာဦးဆောင်ကော်မတီဖြစ်တဲ့ ဝန်ကြီး သုံးပါးထံကိုတင်ပြထားပြီးလည်းဖြစ်ပါတယ်။ အခက်အခဲများကြုံတွေ့ရတဲ့ တောင်သူလယ်သမား များအတွက် အရေးပေါ်စိုက်ပျိုးရေးသီးနှံမျိုးစေ့လိုအပ်ချက်နှင့် အရေးပေါ်အကူအညီနှင့် ရန်ပုံငွေ လိုအပ်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများက တင်ပြတောင်းခံလာပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်သမ္မတရဲ့ အရေးပေါ် သီးသန့် ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရေး ထောက်ခံတင်ပြပေးပြီး ရန်ပုံငွေလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပါတယ်။

**မူကြမ်း**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလက်မှုဦးစီးဌာနအနေနဲ့ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲ၍ စက်မှုလယ်ယာစနစ် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ယခင်အစိုးရလက်ထက်က ထွန်စက်ကြီး ၈၉၇၂ စီး၊ လက်တွန်း ထွန်စက် ၁၇၃၁၃၂ စီးသာလျှင် အသုံးပြုခဲ့ရာမှ ယခုနှစ် မေလကုန်အထိ ထွန်စက်ကြီး ၁၂၀၉၁ စီး၊ လက်တွန်းထွန်စက် ၂၅၉၄၂၄ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၆၈၃ စီးအထိ တိုးတက်သုံးစွဲလာနိုင်ပြီ ဖြစ်တဲ့အတွက် သိသာမြင်သာစွာဖြင့် တိုးတက်မှုရရှိနေပြီဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးဆုံးရှုံးခြင်းမှ ကျော်လွှားနိုင်ရန်နှင့် အချိန်မှီထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် သမားရိုးကျလယ်ယာမြေများအား စက်မှုလယ်ယာစနစ် လယ်ယာမြေများအဖြစ်ကို ပြုပြင်ပြောင်းလဲ ဖော်ထုတ်ပေးလျက်ရှိရာမှာ ယနေ့အထိ ဧက ၅၁၂၈၄ ဧကကျော် ဖော်ထုတ်ခဲ့ပြီးဖြစ်၍ ဆက်လက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနအနေနဲ့ မိုးရာသီ အတွင်း ရေကြီးနစ်မြုပ်တဲ့ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိတဲ့ ချောင်းကော၊ မြောင်းကောများအား နှစ်စဉ်တူးဖော်ပေးလျက်ရှိရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ချောင်းကော၊ မြောင်းကော ၃၂၃ ခု တာတမံ ၃၂ ခု၊ ပဲခူး-စစ်တောင်းတူးမြောင်းကြီး အဆင့်မြှင့်တင်ခြင်း၊ ရေထိန်းတံခါး ခုနစ်ခုနှင့်ရေငန်တားတာတမံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်းပဲ အဆိုပါ တိုင်းဒေသကြီးများမှာ ချောင်းကော၊ မြောင်းကော ၃၄၅ ခု၊ တာတမံများ၊ ရေထိန်းတံခါးများ ပြန်လည် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို လျာထားချက်များထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။

အောက်မြန်မာပြည် ရေကြီးနစ်မြုပ်မှုလျော့နည်းစေဖို့အတွက် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှာ ရေဘေးကာကွယ် ရေးတာ ၈၇ ခု၊ အလျား ၁၂၂၂ မိုင်ခန့်နှင့် အောက်မြန်မာပြည် ဆန်စပါးဖွံ့ဖြိုးမှုတိုးတက်စီမံကိန်း Paddy(1)၊ Paddy(2)တို့နဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ဆောင်ရွက်နိုင်ခဲ့သော ရေငန်တားတမံ ၂၂ ခု အပါအဝင် စုစုပေါင်းရေငန်တားတမံ ၁၀၇ ခု၊ အလျားမိုင် ၁၀၀၀ ကျော်ခန့်ကို တည်ဆောက်ပေးခဲ့ပါ တယ်။ ၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်းကြောင့်ပျက်စီးသွားတဲ့ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိတဲ့ ရေငန်တားတမံ ၄၁ ခု အခိုင်အမာပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ၂၀၀၈-၂၀၀၉ ခုနှစ်မှဆောင်ရွက်ခဲ့ရာမှာ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ ရန်ပုံငွေကျပ်သန်းပေါင်း ၇၉၉၄ ဖြင့်

အလျား ၄၉၅ မိုင်ခန့် ဆောင်ရွက်ပြီးဖြစ်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရရှိတဲ့ ရန်ပုံငွေကျပ် ၁၈၀၁ သန်းနဲ့ ဆောင်ရွက်ရန်ကျန်ရှိတဲ့လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မိုးရာသီမှာ ရေကြီးနစ်မြုပ်တဲ့ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ ချောင်းကော၊ မြောင်းကောများ နှစ်စဥ်တူးဖော်ပေးလျက်ရှိရာမှာလည်းပဲ ၂၀၁၃-၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ရေနုတ်မြောင်း ၇၃ ခု၊ တာတမံ ၃၂ ခု၊ ရေငန်တားတာတမံ များပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း အဆိုပါ ဒေသ တွေမှာ ချောင်းကောမြောင်းကော ၃၄၅ ခု၊ တာတမံများ၊ ရေထိန်းတံခါးများကို ဆက်လက်ဆောင်ရွက် လျက်ရှိပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှာ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိဖို့အတွက် ဆည်တာတမံများနှင့် ဆည်ရေသောက်စနစ်များ၊ ဆည်ကန်ငယ်များ ပြုပြင်ပေးခြင်းကိုလည်းဆောင် ရွက်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကင်းတပ်လက်ဝဲ တူးမြောင်း၊ ကာဘိုးရေလွှဲဆည် ဆည်ရေသောက်စနစ်များ ပြုပြင်ပေးခြင်းအပြင် ချောင်းပိတ် မြောင်းပိတ်(၃၁)ခု ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့နည်းတူ မကွေးတိုင်းဒေသကြီးမှာ အိုင်းမဆည်၊ မဲဇလီ ဆည်၊ ဆဒ္ဒါန်ဆည်၊ ဘွက်ကြီးဆည်နှင့် လင်းဇင်းဆည် ရေသောက်စနစ်များ၊ ဆည်ကန်ငယ်များပြုပြင် ပေးခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ကင်းတားဆည်၊ ဇော်ဂျီဆည်၊ သစ်တက်ကုန်းဆည်၊ ဆည်တော်ကြီးဆည်၊ မိတ္ထီလာကန်၊ စမုံရေထိန်းတမံ၊ ချောင်းမကြီးရေလျှောင်တမံ၊ ဆည်ငယ်ကန်ငယ် ၄၂၂ ခုနှင့် ဇဂျမ်း-ကန်မြဲကန်၊ ထီးလှိုင်ကန်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေနဲ့လည်းပဲ မြေအောက်ရေနဲ့ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ရာမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ စက်ရေတွင်းပေါင်း ၅၂၁၂ တွင်းနှင့် လက်ရိုက် တွင်း ၃၀၀၀ ကျော် စုစုပေါင်း ၈၂၀၀ တွင်းပေါင်း တူးဖော်ပေးခဲ့ပြီးတော့ အစိုးရသစ်လက်ထက် ကာလမှ ယနေ့ထိ စက်ရေတွင်းပေါင်း ၂၅၃၀ တွင်းနှင့် လက်ရိုက်တွင်း ၁၄၅၇ တွင်း စုစုပေါင်း ၃၉၈၇ တွင်းအား တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်းစက်ရေတွင်းပေါင်း ၁၂၂၆၆ တွင်းအား တူးဖော်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယနေ့ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ရာသီဥတုပြောင်းလဲမှု အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရာသီဥတုပြောင်းလဲမှုရဲ့ ဒဏ်ကို မခံရအောင် သက်ဆိုင်ရာတောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် ကျေးလက်ဒေသခံပြည်သူများ ဒုက္ခရောက်စေသော စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံးရပ်တန့်ပေးနိုင်ပါရန်နှင့် ယင်းစစ်ရေးလှုပ်ရှားမှုများကြောင့် ဒုက္ခအခက်အခဲရောက်နေကြရသော ကျေးသီးမြို့နယ်ရှိ ဝမ်ဝပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကူညီ ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီးမဲဆန္ဒနယ်မှ ကျွန်တော် ဥက္ကဋ္ဌထံ စာဖြင့်ရေးသား လက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုမှာ စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် ကျေးလက်ဒေသခံပြည်သူများဒုက္ခရောက်စေသော စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံးရပ်တန့်ပေးနိုင်ပါရန်နှင့် ယင်းစစ်ရေးလှုပ်ရှားမှုများကြောင့် ဒုက္ခအခက်အခဲရောက်နေကြသော ကျေးသီးမြို့နယ်ရှိ ဝမ်ဝပ်ကျေးရွာအုပ်စုမှ

စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကူညီဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းဖို့ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ကျွန်တော်တင်သွင်းလိုတဲ့ အရေးကြီးအဆိုကတော့ စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် ကျေးလက်ဒေသခံပြည်သူများ ဒုက္ခရောက်စေသော စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံးရပ်တန့်ပေးပါရန်နှင့် ယင်းစစ်ရေးလှုပ်ရှားမှုများကြောင့် ဒုက္ခအခက်အခဲရောက်နေကြရသော ကျေးသီးမြို့နယ်ရှိ ဝမ်ဝပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကူညီဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်အတွင်းရှိ ဝမ်ဝပ်ကျေးရွာအုပ်စု ဝမ်ဝပ်ကျေးရွာ တာဖာဆောင်တံတားတွင် အစိုးရတပ်မတော်စစ်ကြောင်းများနှင့် SSPP, SSA တို့၏ စစ်ရေးလှုပ်ရှားမှုများကြောင့် ဒေသခံပြည်သူများသည် မိမိ၏ရွာတွင် လုံခြုံမှုမရှိတော့သဖြင့် စစ်ဘေးရှောင်ပြည်သူများအဖြစ် စားဝတ်နေရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ ပညာရေးအခက်အခဲနှင့် စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် အခက်အခဲဒုက္ခအမျိုးမျိုးကြုံတွေ့နေရ၍ နီးစပ်ရာဝမ်ဝပ်ဘုန်းကြီးကျောင်းသို့ သွားရောက်ခိုလှုံနေကြရပါတယ်။ ဝမ်ဝပ်ကျေးရွာအုပ်စု တာဖာဆောင်တံတားပတ်ဝန်းကျင်ရှိ ဝမ်ဝပ်ကျေးရွာ၊ ဖာဆောင်ကျေးရွာ၊ မုလွန်ကျေးရွာ၊ လွိုင်ခေါ်ကျေးရွာရှိ ဒေသခံပြည်သူများသည် စစ်ဘေးရှောင်ဒုက္ခသည်များအဖြစ် ရဟန်းသံဃာတော်များ ၅၂ ပါးနှင့် ဒေသခံစစ်ဘေးရှောင်ဒုက္ခသည် ၂၀၀ ကျော်ရှိနေပြီဖြစ်သည့်အတွက် ကာလရှည်ကြာသွားလျှင် စားဝတ်နေရေး လွန်စွာအခက်အခဲဖြစ်လာမည်ဖြစ်ပါတယ်။ မိုးရာသီကာလဖြစ်သည့်အလျောက် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများလည်း အမှန်တကယ်လိုအပ်လာမှာဖြစ်ပါတယ်။ စာသင်ကျောင်းဝင်းအတွင်း

တပ်မတော်သားများ လာရောက်နေထိုင်နေကြသည့်အတွက် ကျောင်းသားကျောင်းသူများ ကျောင်းစာသင်ယူချိန်တွင် စိုးရိမ်ပူပန်နေရသော အခက်အခဲများရှိနေပါတယ်။ စိုက်ပျိုးရာသီကာလဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံရေးအတွက်မရှိမဖြစ် အလွန်ပင်လိုအပ်နေပါတယ်။ ဝမ်ဝပ်ကျေးရွာအုပ်စုအတွင်း စစ်ရေးလှုပ်ရှားမှုများကြောင့် ပြောင်းခင်းဧက ၁၄၀ ခန့်၊ မြေပဲဧက ၂၅ ဧကခန့်နှင့်လယ်ယာမြေ ၃၅ ဧကခန့် စုစုပေါင်း ဧက ၂၀၀ ခန့်ပျက်စီးခဲ့သည်ဟု သိရှိခဲ့ရပါတယ်။ သို့အတွက်ကြောင့် စိုက်ပျိုးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် ကျေးလက်ဒေသခံပြည်သူများ ဒုက္ခရောက်စေသော စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံးရပ်တန့်ပေးနိုင်ပါရန်နှင့် ယင်းစစ်ရေးလှုပ်ရှားမှုများကြောင့် ဒုက္ခအခက်အခဲရောက်နေကြရသော ကျေးသီးမြို့နယ်ရှိ ဝမ်ဝပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကူညီဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်ရန် အခြေခံအကျဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးရမှပဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာရဲ့အလယ်မှာ မျက်နှာပွင့်လန်းမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားများမရှိလျှင် အင်္ဂါစုံမှာမဟုတ်တဲ့အပြင် ဆားမပါတဲ့ဟင်းတစ်ခွက်လို ဖြစ်နေမှာပါ။ တိုင်းရင်းသားများဖြင့် ပြည်ထောင်စုကို လေးနက်စေပါတယ်။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးမလွဲမသွေလိုအပ်နေပါတယ်။ နိုင်ငံတော်သမ္မတကလည်း ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ကျွန်တော်တို့ နိုင်ငံနှင့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အရေးကြီးတဲ့ကိစ္စဖြစ်တယ်ဆိုတဲ့အတွက် ကျွန်တော်

တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ပတ်သက်ပြီး အထူးအာရုံစိုက်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်လုပ်ဆောင်နေပါတယ်လို့ ဇူလိုင်လ ၃ ရက်နေ့က Radio မိန့်ခွန်းမှာ ပြောကြားသွားတာကို အလေးအနက်ထားမှတ်သားမိပါတယ်။ ဒါ့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးဆွဲအဖွဲ့ (NCCT) တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှိနေကြောင်းကိုလည်း ဝမ်းမြောက်ဖွယ်လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၀ ခုနှစ်တွင် သမ္မတဦးသိန်းစိန် နိုင်ငံတော်အကြီးအကဲဖြစ်လာပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း နည်းလမ်းဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းလိုတဲ့ စိတ်ဆန္ဒနဲ့ လက်ခံကြိုဆိုဆွေးနွေးနေတာကို တွေ့မြင်နေရပါတယ်။ သို့သော် ပြည်နယ်များမှာ ပဋိပက္ခများအရှိန်မြင့်တင်နေဆဲဖြစ်ကြောင်းကို ပြည်သူများမှတစ်ဆင့်လည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၊ Radio ၊ Internet စတဲ့ မီဒီယာများမှလည်းကောင်း ကြားသိနေရပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာပဲ မြန်မာ့တပ်မတော်နဲ့ ကချင်ပြည်နယ်မှာ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) နှင့်လည်းကောင်း၊ ကရင်ပြည်နယ်မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ(၅) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှာ ပလောင်၊ တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ ရှမ်းပြည်တပ်မတော် (SSPP ၊ SSA) နှင့်လည်းကောင်း တိုက်ပွဲများ၊ စစ်ရေးလှုပ်ရှားမှုများ ဖြစ်ပွားနေတာကို စိတ်မကောင်းဖွယ် လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ အခုလက်ရှိမှာ မြန်မာ့တပ်မတော်နဲ့ နိုင်ငံတော်နဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးနေပြီဖြစ်တဲ့ SSPP ၊ SSA ၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်တို့က ရှမ်ပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ် တာဖာဆောင်ဒေသမှာ တာဖာဆောင်တံတားအပေါ် အငြင်းပွားမှုဖြင့် ဇွန်လ ၂၆ ရက်နေ့မှ ယနေ့တိုင် တိုက်ပွဲများ၊ စစ်ရေးလှုပ်ရှားမှုများ အဆက်မပြတ်ဖြစ်ပွားနေပါတယ်။ ကျေးသီးမြို့နယ်ဟာ မြို့နယ်တစ်မြို့၊ မြို့နယ်ခွဲတစ်ခု၊ ကျေးရွာအုပ်စု ၃၁ အုပ်စု၊ ကျေးရွာပေါင်း ၂၄၆ ရွာရှိပြီး လူဦးရေ ငါးသောင်းနီးပါးရှိပါတယ်။ ကျေးသီးမြို့ပတ်လည်မှာ သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရှူးမြို့နယ်နဲ့ မိုင်းကိုင်မြို့နယ်တို့တည်ရှိပါတယ်။ အခုဖြစ်ပွားတဲ့ စစ်ရေးလှုပ်ရှားမှုများ၊ တိုက်ပွဲများဟာ ကျေးသီးမြို့နယ်အပြင် အနီး

အနားမြို့များနဲ့ ပြည်သူများကို များစွာထိခိုက်နစ်နာဆုံးရှုံးနေစေပါတယ်။ တာဖာဆောင်ဒေသတိုက်ပွဲများကြောင့် တာဖာဆောင်တံတားပတ်ဝန်းကျင်ရှိ ဖာဆောင်းရွာ၊ မုလွန်ရွာ၊ လွိုင်ခေါ်ရွာရှိ ရွာသူရွာသားများက မိမိတို့ အိုးအိမ်ကိုစွန့်ခွာကာ စစ်ဘေးရှောင်ဒုက္ခသည်အဖြစ် ဝမ်ဝပ်ရွာရှိ ဝတ့်ဝမ်ဝပ်ဘုန်းကြီးကျောင်းသို့ သွားရောက်ခိုလှုံနေရပါတယ်။ ၅-၇-၂၀၁၄ ရက်နေ့မှ ၉-၇-၂၀၁၄ ရက်နေ့အထိ ရွှေ့ပြောင်းလာတဲ့အိမ်ထောင်စုမှာ ၅၉ စုဖြစ်ပြီးတော့ လူဦးရေ ၁၉၅ ယောက်ရှိပါတယ်။ ထိုအထဲမှာ အမျိုးသမီး ၈၈ ဦးရှိပြီး ကလေး ၉၃ ဦးရှိပါတယ်။ အမျိုးသမီးနှင့် ကလေးများမှာ အများစုဖြစ်ပါတယ်။ ရဟန်းသံဃာအပေါင်း ၅၂ ပါးလည်း အဆိုပါဘုန်းတော်ကြီးကျောင်းသို့ လာရောက်ခိုလှုံနေလျက်ရှိရာ ဒုက္ခသည်ပေါင်း ၂၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ အမျိုးသားအများစုမှာ တခြားနည်းဖြင့် တိမ်းရှောင်နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ယခုအချိန်က လယ်ယာစိုက်ပျိုးချိန်ဖြစ်ပြီး ရွာသူရွာသားများက မိမိတို့ပိုင်လယ်ယာမြေဧက ၂၀၀ ခန့်ကို စွန့်ခွာ၍ ထွက်ပြေးရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ကျေးလက်နေပြည်သူများရဲ့လုပ်ငန်းခွင်များ ပျက်စီးရတဲ့အပြင် ပဋိပက္ခနယ်မြေများအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ဖာဆောင်းရွာ၊ မုလွန်ရွာ၊ လွိုင်ခေါ်ရွာ၊ ဝမ်ဝပ်ရွာရှိ ကျောင်းများဖွင့်ခွင့်အခွင့်အရေး ဆုံးရှုံးသလိုဖြစ်နေ၍ ကျောင်းသားကျောင်းသူများ ပညာရေးကဏ္ဍမှာထိခိုက်နစ်နာနေပါတယ်။ ဝတ့်ဝမ်ဝပ်ဘုန်းကြီးကျောင်းသို့ရောက်ရှိနေတဲ့ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် စားဝတ်နေရေးအကူအညီ အရေးတကြီးလည်း လိုအပ်နေပါတယ်။ ၎င်းတို့ မိမိနေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး အမြန်ဆုံးပြုလုပ်ပေးရန်လည်း လိုအပ်လျက်ရှိပါတယ်။ အဆိုပါဒုက္ခသည်စခန်းကို ပြည်ခိုင်ဖြိုးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းအရပ်ဘက်အဖွဲ့အစည်းများက တတ်နိုင်သလောက် သွားရောက်ကူညီပေးခဲ့သော်လည်း လုံလောက်မှုမရှိပါ။ ပြည်သူများရဲ့ထိခိုက်နစ်နာမှုများကို နိုင်ငံတော်အစိုးရက ကုစားပေးရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအပေါ်ထားရှိတဲ့ အစိုးရ၏ရိုးဖြောင့်တဲ့ သဘောထားကို ဖော်ပြခြင်းအားဖြင့် ပြည်သူတစ်ရပ်လုံး အမှန်တကယ်ငြိမ်းချမ်းပြီး ပျော်ရွှင်စိတ်ချမ်းသာမှု လက်တွေ့ရစေသင့်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ယုံကြည်မှုတည်ဆောက်နေချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ယုံကြည်မှုတည်ဆောက်နေခြင်းအား ထိခိုက်ပျက်ပြားစေနိုင်မည့်ကိစ္စဖြစ်သော မြန်မာ့တပ်မတော်စစ်ကြောင်းများနှင့် တိုင်းရင်းသားတော်လှန်ရေးတပ်များကြားတွင် ဖြစ်ပွားနေသောတိုက်ပွဲများ၊ စစ်ရေးလှုပ်ရှားမှုများကို ချက်ချင်းရပ်တန့်ပေး၍ ဆွေးနွေးညှိနှိုင်း

သော နိုင်ငံရေးနည်းလမ်းဖြင့် အမြန်ဆုံးဖြေရှင်းကြပါရန်နှင့် ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကျေးသီး မြို့နယ်၊ တာဖာဆောင်ဒေသ၊ ဝတ့်ဝမ်ဝပ်ကျေးရွာအုပ်စု၊ ဝတ့်ဝမ်ဝပ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသည့် ဒုက္ခသည်များအားကူညီ၍ မိမိနေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး အမြန်ဆုံးပြုလုပ်ပေးပါရန်လိုအပ်၍ ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသော အရေးကြီးအဆိုအား လေးနက်စွာထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဒေါ်နန်းဝါနု သုံးထားတဲ့စကားလုံးလေး ပြန်ပြီးတော့ အားလုံး သုံးသပ်နိုင်အောင်ပြောပါမယ်။ တော်လှန်ရေးအင်အားစုဆိုတာ ကျွန်တော်တို့လောလောဆယ် အခိပ္ပာယ်ဖွင့်နိုင်တဲ့ပမာမရှိပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းလို့ပဲ ဖြစ်ပါတယ်။ တော်လှန်ရေးအဖွဲ့အစည်းဆိုရင် အခိပ္ပါယ်တစ်မျိုးသက်ရောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း သွားပြီးတော့ ထိခိုက်နိုင်မှာဖြစ်တဲ့အတွက် နောင်ဒီလိုမသုံးစွဲဖို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို အသိပေးပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့တင်ပြဆွေးနွေးသွားတဲ့ တော်လှန်ရေးအင်အားစုဆိုတဲ့ စကား လုံးဟာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းလို့ပြောင်းပြီးတော့ ဖော်ပြပေးဖို့လိုမှာဖြစ်ပါ တယ်။ တင်ပြသွားတဲ့အဆိုကို ကျွန်တော်တို့ အမှန်အတိုင်းဆိုရင် မနေ့က ကျွန်တော်ဆီအဆိုလာပြီး တင်ပါတယ်။ အဆိုကိုတင်ပြတဲ့နေရာမှာ ဖတ်ကြည့်လိုက်တဲ့အခါကျတော့ အင်မတန်စိတ်မကောင်း ဖြစ်မိပါတယ်။ ဝမ်းလည်းနည်းမိပါတယ်။ စိတ်လည်းထိခိုက်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို ကျွန်တော်တို့ အရေးကြီးအဆိုအဖြစ် သတ်မှတ်ဆောင်ရွက်မယ်။ ဒါကြောင့်မိုလို့ မနေ့ကအချိန်မရဘူး။ အဲ့ဒီနည်းတူပဲ ဒီအဆိုပေါ်မူတည်ပြီးတော့ ဖြေဆိုရမယ့်ဌာနအသီးသီးက ပုဂ္ဂိုလ်များလည်း အသင့်မ ဖြစ်တဲ့အတွက် ဒီနေ့ကို ရွှေ့ဆိုင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့သိတဲ့အတိုင်းပဲ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီနေ့ဥပဒေပြုရေးတာဝန်အပြင် အဓိကလွှတ်တော် အတွင်းမှာ ဆောင်ရွက်နေတဲ့ကိစ္စ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ် ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုအဓိကထား ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ အဲ့လိုဆောင်ရွက်တဲ့ အတွက်လည်း ထိုက်သင့်တဲ့စည်းလုံးညီညွတ်မှုအောင်မြင်မှုများ ရရှိတယ်လို့ပြောနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး အတွက်ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ဦးတည်ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့လွှတ်တော်မှာ ထူးထူးခြားခြား စပြီးဖွဲ့စည်းခဲ့တဲ့နာမည်အရ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီကော်မတီကို ဦးသိန်းဇော်

ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ပြီး၊ တိုင်းရင်းသားအများစုပါဝင်နေတယ်။ အဲ့ဒီတိုင်းရင်းသားထဲက ကိုယ်စားလှယ်တစ်ဦးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်တယ်။ နောင်ကျလာတဲ့အခါမှာ တိုင်းရင်းသားအရေးများကို ဆောင်ရွက်တဲ့နေရာမှာ ကျေးလက်လူမှုဘဝမြှင့်တင်ရေးကိစ္စပါ ဆောင်ရွက်ဖို့လိုတယ်လို့ဆိုပြီးတဲ့အခါမှာ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဆိုပြီး ဖွဲ့စည်းပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် လွှတ်တော်အနေနဲ့ အထူးဝါယမစိုက်ထုတ်ဖို့လိုတယ်။ လိုတဲ့အခါမှာဆောင်ရွက်နိုင်အောင် ဒီကော်မတီကိုဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်။ အဲ့ဒီကော်မတီကပဲ ဆက်စပ်ပြီးတော့ ဦးသိန်းဇော်နဲ့ အဖွဲ့များကို ပြည်ထောင်စုအစိုးရကနေ ဖွဲ့စည်းပေးတဲ့ ပထမဦးဆုံးသောအဖွဲ့အစည်းကတော့ ဗဟိုကော်မတီပေါ့။ တိုင်းရင်းသားပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ အဲ့ဒီကမှတစ်ဆင့် ပေါ်ပေါက်လာတဲ့ကော်မတီက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ၊ ငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်မှုကော်မတီမှာမှ ဒုတိယဥက္ကဋ္ဌသုံးဦး၊ တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ရဲ့ကိုယ်စားပြုအနေနဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဒုတိယဥက္ကဋ္ဌပြီးတဲ့အခါမှ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ဒုတိယဥက္ကဋ္ဌနဲ့ ကျွန်တော်တို့လွှတ်တော်ရဲ့ကိုယ်စားပြု ဦးသိန်းဇော်က ဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့လွှတ်တော်ရဲ့ပြည်သူများရဲ့ဆန္ဒအတိုင်း အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချမ်းရေးရရှိရေးအတွက် စေတနာပါပါဆောင်ရွက်နေတာတွေရှိပါတယ်။ အဲ့လိုဆောင်ရွက်တဲ့နေရာမှာ ဗဟိုကော်မတီရဲ့ မူဝါဒကိုခံယူပြီးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် ဒီနေ့ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ နယ်မြေမှာရှိကြတဲ့ပြည်သူများရဲ့ စိုးရိမ်သောကရှိမှုတွေဒါ့အပြင် မလုံမခြုံဖြစ်မှုတွေ၊ မတည်ငြိမ်ဖြစ်မှုတွေ ဖြစ်ပေါ်လာတယ်ဆိုတဲ့အကြောင်းကိုအဆိုတင်ပြတင်သွင်းလာတဲ့အခါမှာ ကြားသိရတဲ့အတွက် ကျွန်တော်ပြောရမယ်ဆို များစွာစိတ်မကောင်းဖြစ်မိပါတယ်။ စိတ်လည်းထိခိုက်ပါတယ်။ ကိုယ်ချင်းလည်းစာပါတယ်။ ဒါကြောင့်မို့လို့ အခုလိုတင်ပြဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့လွှတ်တော်က အဓိကထားဖွဲ့စည်းပေးထားတဲ့ အတိုချုပ်ပြောမယ်ဆိုရင် တိုင်းရင်းသားရေးရာနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ကော်မတီရဲ့ ဥက္ကဋ္ဌအနေနဲ့လည်း မိမိတို့ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဆက်စပ်ပြီးတော့ ဘာတွေများဆောင်ရွက်နေသလဲဆိုတာကိုလည်း လွှတ်တော်ကို အသိပေးတင်ပြဖို့လိုပါမယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ လွှတ်တော်

ကဖွဲ့စည်းထားတဲ့ ကော်မတီဥက္ကဋ္ဌ၊ ဒီနေ့ နိုင်ငံတော်ကဖွဲ့စည်းပေးထားတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးသိန်းဇော် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးရန်ရှိက ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးသီးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းသွားသောအဆိုအပေါ်တွင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌအနေနဲ့လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌအနေနဲ့လည်းကောင်း မိမိတို့ရဲ့ဆောင်ရွက်မှုများအပေါ် အသိပေးသင့်သည်များကို ထုတ်နုတ်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ယခုတင်သွင်းသော အဆိုနှင့်ပတ်သက်ပြီးတော့ မိမိတို့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဆင့်ဆင့်က အလေးအနက်ထားပြီးတော့ ဆောင်ရွက်နေသော ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်းကို ရှေးဦးစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA)မှ ကိုယ်စားလှယ်အဖွဲ့တို့ဟာ လက်နက်ကိုင်ပဋိပက္ခများလျှော့ချနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၈-၇-၂၀၁၄ ရက်နေ့မှာ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးတဲ့နေရာကတော့ သမ္မတရုံးဝန်ကြီးဌာန(၄) အစည်းအဝေးခန်းမမှာ ဖြစ်ပါတယ်။ အစည်းအဝေးကို တက်ရောက်ကြသူများအနေနဲ့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှာ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော်နဲ့ အဖွဲ့ဝင်ဖြစ်တဲ့ ဦးထွန်းထွန်းဦးနဲ့ ဦးစီးအရာရှိများတက်ရောက်ကြသလို SSPP/SSA အဖွဲ့မှ ဦးစဝ်ခွန်ဆိုင်၊ အထွေထွေအတွင်းရေးမှူးဖြစ်ပါတယ်။ ဦးစဝ်ခေမောင်း၊ ဗဟိုကော်မတီဝင်ဖြစ်ပါတယ်။ ဦးစဝ်ဆေပိန်ဖ၊ တပ်မဟာမှူးဖြစ်ပါတယ်။ ၎င်းတို့နဲ့ အဖွဲ့ဝင်ကိုးဦး တက်ရောက်ခဲ့ကြပါတယ်။ အဲ့ဒီနေ့က ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့အကြောင်းအရာများ ဖြစ်ပါတယ်။ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေက (၁) လက်ရှိဖြစ်ပေါ်နေသော ဖာဆောင်းတံတားတွင် နှစ်ဖက်တပ်များထိပ်တိုက်ရင်ဆိုင်မှုကိစ္စ၊ (၂) သတ်မှတ်

**မူကြမ်း**

ထားသော ကတိကဝတ်များကို တိကျစွာလိုက်နာကြပြီး စစ်ရေးတင်းမာမှုများ မပေါ်ပေါက်စေရေးကိစ္စ၊ (၃) ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆိုပြီးတော့ ခေါင်းစဉ်သုံးခုနဲ့ ကျွန်တော်တို့ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးချက်များအပေါ် ဆောင်ရွက်မှုများအနေနဲ့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေနဲ့ နှစ်ဖက်ဆွေးနွေးရရှိချက်များအပေါ် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌကြီးထံ တင်ပြပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ပြည်ထောင်စုလွှတ်တော် နာယကကြီးထံလည်း တင်ပြပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အကြီးအကဲများအနေနဲ့ ဆက်လက် ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို သက်ဆိုင်ရာ လုံခြုံရေး၊ အုပ်ချုပ်ရေးအဖွဲ့များသို့ သက်ဆိုင်ရာများမှတစ်ဆင့် အသိပေးအကြောင်းကြားထားပြီးဖြစ်တယ်လို့ သိရှိရပါတယ်။ SSPP/SSA အဖွဲ့ဘက်က ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ သူတို့အနေနဲ့ဆွေးနွေးချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဗဟိုကော်မတီအစည်းအဝေး ပြုလုပ်နေဆဲဖြစ်တယ်လို့သိရှိရပါတယ်။ ဆွေးနွေးရရှိချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသို့ ပြန်လည်အကြောင်းကြားပေးမှာ ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ နှစ်ဖက်တပ်များရင်ဆိုင်မှုရှိသော်လည်း ပစ်ခတ်တိုက်ခိုက်မှုကို နှစ်ဖက်ထိန်းသိမ်းထားရှိနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ SSPP/SSA ဗဟိုကော်မတီအစည်းအဝေး၏ အကြောင်းပြန်ကြားချက်ကို ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေနဲ့ စောင့်ဆိုင်းနေတာဖြစ်ပါတယ်။ ဒေသခံပြည်သူများ ဘေးကင်းရာများတွင် သွားရောက်တိမ်းရှောင်နေကြပါတယ်။ မိုးရာသီ လယ်ယာလုပ်ငန်းခွင်များကို လောလောဆယ်အခြေအနေမှာ ဝင်ရောက်နိုင်ခြင်းမရှိပါဘူး။ ဆက်လက်ဖြစ်ပေါ်နိုင်မယ့် အခြေအနေဖြစ်ပါတယ်။ ဖာဆောင်းတံတားကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဖြေရှင်းပြီးပါက ဒေသခံပြည်သူများ အချိန်မီလုပ်ငန်းခွင်သို့အေးချမ်းစွာ ဝင်ရောက်နိုင်မည်ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း နှစ်ဖက်လက်ခံနိုင်သော နည်းလမ်းများဖြင့် ကတိကဝတ်များကို တိကျစွာလိုက်နာကြပြီး စစ်ရေးတင်းမာမှုများ မပေါ်ပေါက်စေရေး အပြုသဘောဆောင်သော ဆွေးနွေးချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ မိမိတို့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဆင့်ဆင့်က အလေးအနက်ထားပြီးတော့ ဆောင်ရွက်နေသောကိစ္စရပ်ဖြစ်ပါသည်။ သို့ဖြစ်

**မူကြမ်း**

ပါ၍ မိမိတို့ဆောင်ရွက်နေသော ကိစ္စရပ်များဖြစ်ပါသဖြင့် မှတ်တမ်းတင်ထားရှိနိုင်ပါရန်အတွက် ဥက္ကဋ္ဌကြီးထံ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရကိုယ်စား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးလိုက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွှန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ စိုက်ပျိုးရာသီဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးလုပ်ကိုင်ရာ ကျေးလက်ဒေသခံပြည်သူများ ဒုက္ခရောက်စေရေး စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံးရပ်တန့်ပေးနိုင်ပါရန်နှင့် ယင်းစစ်ရေးလှုပ်ရှားများမှုကြောင့် ဒုက္ခအခက်အခဲရောက်နေကြသော ကျေးသီးမြို့နယ်ရှိ ဝမ်ဝပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကူညီဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနဲ့ပတ်သက်လို့ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အကြောင်းအရာနဲ့ပတ်သက်လို့ တပ်မတော်အကြီးအကဲအနေနဲ့လည်း ဒေသတွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်နေသလို ငြိမ်းချမ်းမှုမရှိတဲ့ နယ်မြေတွေမှာ တပ်မတော်နဲ့ လက်နက်ကိုင်အုပ်စုအကြား တိုက်ပွဲများကြောင့် ပြည်သူလူထုဟာ စစ်ဒဏ်သင့်ပြီး မြေဇာပင်ဖြစ်ခဲ့ကြရတယ်ဆိုတာကိုလည်း နားလည်သဘောပေါက်ပြီးဖြစ်ပါတယ်။ ယခုလိုတင်ပြမှုနဲ့ပတ်သက်ပြီး မျက်ခြေမပြတ်စောင့်ကြည့်ပြီး ဖြေရှင်းဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းချင်တဲ့ ဆန္ဒတွေဟာ တပ်မတော်အကြီးအကဲရဲ့ စိတ်ထဲမှာသာရှိနေဖို့မဟုတ်ဘဲနဲ့ အရာရှိစစ်သည်များရဲ့ နှလုံးသားမှာလည်း ငြိမ်းချမ်းရေးပုံရိပ်တွေ စွဲထင်နေသလိုပဲဖြစ်ပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေရဲ့ ရင်မှာလည်း ငြိမ်းချမ်းရေးတောင်းဆိုမှုတွေ ရှိနေကြသလိုပါပဲ ပြည်တွင်းမှာ ငြိမ်းချမ်းရေးအစစ်အမှန်ရရှိမှသာ နိုင်ငံတော်

အနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး တိုင်းပြည်ရဲ့ ကြွယ်ဝချမ်းသာမှုရရှိစေမယ်ဆိုတာကိုလည်း သဘောပေါက်ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကြေညာချက်အမှတ် (၁/၂၀၁၁)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့သလို တပ်မတော်အနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီမှလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီတွင်လည်းကောင်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အခါမှာ မူ(၆)ရပ်ချမှတ်ထားပြီးတော့ ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်၊ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် အမြတ်မထုတ်ရန်၊ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ နိုင်ငံတော်က ထုတ်ပြန်သည့်တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာရန်၊ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကို လက်ခံပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် ပါဝင်ဆောင်ရွက်ရန် စတဲ့အချက်များဖြစ်ပြီးတော့ ဒေသတည်ငြိမ်အေးချမ်းပြီး အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ဆန္ဒရှိပါက အထက်ပါမူများကိုလေးစားဆောင်ရွက်သွားဖို့လိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဟန့်တားစေတဲ့ ဖြစ်စဉ်ဖြစ်ရပ်များကို မဖြစ်ပွားစေရေးအတွက် အထူးပဲလိုအပ်ပါတယ်။

ကနေ့ ကိုယ်စားလှယ်တော်ကြီး အဆိုတင်သွင်းသွားတဲ့ ကျေးသီးမြို့နယ် ဝမ်ဝပ်ကျေးရွာအုပ်စုနယ်မြေဟာ မိမိတပ်မတော်စစ်ကြောင်းများ နယ်မြေစိုးမိုးရေးဆောင်ရွက်လျက်ရှိသောနယ်မြေဖြစ်ပါတယ်။ SSA ဝမ်ဟိုင်းအဖွဲ့ဟာ နှစ်ဦးနှစ်ဖက် သဘောတူညီထားတဲ့ ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာမှာသာအခြေပြုနေထိုင်ရန်ဖြစ်သော်လည်း သတ်မှတ်နယ်မြေထက်ကျော်လွန်ပြီးတော့ ဝမ်ဝပ်ကျေးရွာအတွင်းမှာ ဝင်ရောက်နေရာယူအခြေပြုနေခြင်းသာဖြစ်ပါတယ်။ SSA ဝမ်ဟိုင်းအဖွဲ့နှင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ တောင်ကြီးမြို့၌ ကျင်းပပြုလုပ်သော ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ သဘောတူညီချက် အပိုဒ်(ဃ)မှာတော့ နှစ်ဦးနှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန် လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်သွားမည်ဟူသောအချက်ကို လိုက်နာမှုမရှိဘဲ ဝမ်ဟိုင်းဌာနချုပ်နယ်မြေနှင့် မသက်ဆိုင်သောနေရာများသို့ ရောက်ရှိအခြေပြုကာ မိမိနယ်မြေစိုးမိုးရေးဆောင်ရွက်လျက်ရှိတဲ့ နယ်မြေခံ မိမိတပ်မတော်စစ်ကြောင်းများအား အလစ်အငိုက်တိုက်ခိုက်လျက်ရှိပါတယ်။ ယခင်ကလည်း အလားတူ

**မူကြမ်း**

တိုက်ခိုက်ခဲ့သည့် သာဓကများစွာရှိပါတယ်။ SSA ဝမ်ဟိုင်းအဖွဲ့အနေဖြင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်များကို ကတိမတည်ဘဲ အကြိမ်ကြိမ်ချိုးဖောက်လျက်ရှိသော်လည်း မိမိတပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံတိုင်းရင်းသားများ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လောလောဆယ် စစ်ရေးနည်းလမ်းဖြင့် တုံ့ပြန်ဖြေရှင်းခြင်းမရှိသေးဘဲ သတ်မှတ်ထားသည့်နေရာများသို့ ပြန်လည်ဆုတ်ခွာပေးရန် အကြောင်းကြားပြီးဖြစ်သည့်အပြင် လုံလောက်သည့်အချိန်ကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ပါတယ်။ ထိုသို့အကြောင်းကြားပါသော်လည်း SSA ဝမ်ဟိုင်းအဖွဲ့အနေဖြင့် ငြိမ်းချမ်းစွာဖြေရှင်းလိုမှုမရှိဘဲ ဒေသခံတိုင်းရင်းသားအရေးကို ခုတုံးလုပ် အကာအကွယ်ရယူလျက် ယခုလို တစ်ဖက်လှည့်ဆောင်ရွက်လာခြင်းသာဖြစ်ပါတယ်။

ဎင်းတို့၏ သတ်မှတ်နေရာတွင် ပြန်လည်နေထိုင်ပြီး သဘောတူညီချက်များကိုသာ လိုက်နာဆောင်ရွက်ပါက စစ်ရေးလှုပ်ရှားမှုကြောင့် အခက်အခဲရောက်နေကြသော ဒေသခံရွာသားများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာကျေးရွာများသို့ အချိန်မရွေးပြန်လည်ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ဒေသခံများအပေါ် လိုအပ်သည့်ကူညီမှုများပေးရန် အဆင်သင့်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ SSA ဝမ်ဟိုင်းအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်တဲ့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ သဘောတူညီချက် အပိုင်း(ဃ)ပါ နှစ်ဦးနှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျူးလွန်ကျော်လွန်လက်နက်ကိုင်ဆောင်သွားလာမှုကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်လိုသော သဘောတူညီချက်ကို ဖောက်ဖျက်ခြင်းမရှိသည့်အပြင် စာချုပ်အပေါ် ကတိတည်မှု၊ ရိုးသားမှု၊ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေမှုနဲ့ လူအင်အားတိုးချဲ့ခြင်း၊ လက်နက်ခဲယမ်းစုဆောင်းခြင်း၊ စစ်ရေးပြင်ဆင်ခြင်း၊ ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်ခြင်းများ မပြုလုပ်ဖို့အထူးလိုအပ်ပါတယ်။ ဒီလိုလိုက်နာမှသာ မိမိတပ်မတော်အနေဖြင့်လည်း ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများအား ဎင်းတို့နေထိုင်ရာဒေသကျေးရွာအလိုက် အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်ရေးနဲ့ ဎင်းဒေသဖွံ့ဖြိုးရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်သာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီကနေ့တပ်မတော်အနေနဲ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးတင်ပြနေတာတော့ ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ ဝမ်ဝပ်ကျေးရွာမှ စစ်ဘေးရှောင်လုပ်သားပြည်သူများနှင့်ပတ်သက်၍ အရေးကြီး

အဆိုကို တပ်မတော်အနေနဲ့ ဒေသခံလုပ်သားပြည်သူများ ငြိမ်းချမ်းစွာနေထိုင်စားသောက်ပြီး လူနေမှုဘဝမြှင့်တင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျေးလက်ဒေသပြည်သူများနှင့် ဒုက္ခရောက်မယ့် စစ်ရေးလှုပ်ရှားမှုများကို အတတ်နိုင်ဆုံးရပ်တန့်အောင်ကြိုးပမ်းဆောင်ရွက်ရေး၊ စစ်ကြောင်းများ စစ်ဘေးရှောင် တိုင်းရင်းသားများအေးချမ်းစွာပြန်လည်နေထိုင်စားသောက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ တပ်မတော်မှ ကူညီဆောင်ရွက်နိုင်ရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက် ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီနဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီတို့ရဲ့ ဆုံးဖြတ်ချက်များကိုလည်း အလေးအနက်ထားလိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့တပ်မတော်က လိုက်နာသလိုပဲ ငြိမ်းချမ်းရေးနဲ့ပတ်သက်သူအားလုံးကလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ ကတိကဝတ်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားဖို့လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်အရေးကြီးအဆိုနှင့်ပတ်သက်လို့ ဖြေကြားချက်က ဒီမှာပဲ နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းတဲ့ ဦးစိုင်းအွမ်ဆိုင်မိုင်း ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ ယခုအခါမှာ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ကာလနဲ့ ကိုက်ညီနေတဲ့အတွက် တိုင်းရင်းသားများအတွက်လည်း အလွန်အရေးကြီးတဲ့ အချိန်ဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးဖို့ ဥက္ကဋ္ဌမှတစ်ဆင့် တိုက်တွန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ကြားဖြတ်လည်း တင်ပြခဲ့တာရှိပါတယ်။ အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ စိတ်မကောင်းစရာဖြစ်သလို စိတ်လည်းထိခိုက်စရာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်း ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့စကားနှင့်အညီ ဒီနေ့ ပြည်သူ့မျက်နှာကို ကြည့်ရပါမယ်။ ပြည်သူ့အခက်အခဲတွေကို ကျွန်တော်တို့ ကြည့်ရပါမယ်။ အဲဒီအတိုင်းပဲ ပြည်သူများရဲ့ ဒုက္ခတွေကိုလည်း ကျွန်တော်တို့စာနာဖို့လိုပါတယ်။ အဲဒီအတွက်လည်း ခုနက လွှတ်တော်မှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင်ဖို့အတွက် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း

ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနည်းတူပဲ ပြည်ထောင်စုအစိုးရအနေနဲ့လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများကိုဖွဲ့စည်းပြီးတော့ ဒီနေ့ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်မှုရှိတဲ့အနေအထားကိုလည်း ခုနက ထဲထဲဝင်ဝင်ပါဝင်နေတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီရဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်ကလည်း ရှင်းလင်းတင်ပြသွားပြီးဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ တပ်မတော်ရဲ့ကိုယ်စားလှယ်၊ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ကိုယ်စားလှယ်ကလည်း ငြိမ်းချမ်းရေးရရှိဖို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းကော်မတီထက် ငြိမ်းချမ်းရေးဗဟိုကော်မတီကနေပြီးတော့ ညွှန်ကြားချက်များအတိုင်းဆက်လက်ဆောင်ရွက်မယ်လို့လည်း ပြောသွားတာရှိပါတယ်။

ထိုနည်းတူစွာပဲ ဘယ်ဒေသမှ စစ်ရေးလှုပ်ရှားမှုများ မရှိရအောင် ပြီးရင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောလုံခြုံရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မယ်လို့လည်းပြောသွားတာ ဒီလိုပဲကြားလိုက်ပါတယ်။ အဲ့ဒီအတိုင်းပဲ ကျွန်တော်တို့လွှတ်တော်ကလည်း ငြိမ်းချမ်းရေးရရှိရေးအတွက် ပြောခဲ့တဲ့အချက်များအတိုင်း ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒီကိစ္စတွေဟာ လုပ်ဆောင်နေတဲ့ကိစ္စများဖြစ်တဲ့အတွက် အထူးတိုက်တွန်းစရာမလိုတော့တဲ့ကိစ္စများဖြစ်ပါတယ်။ လိုအပ်တာကဘာလဲဆိုရင် အမှန်တကယ် လက်တွေ့ကျကျ အကောင်အထည်ဖော်ရမယ့် အဖွဲ့အစည်းများက လက်တွေ့ကျကျ အကောင်အထည်ဖော်ဖို့လိုတယ်။ လက်တွေ့ကျကျအကောင်အထည်ဖော်ဖို့ဆိုရာမှာ ကျွန်တော်တို့ ဒေသခံပြည်သူများရဲ့မျက်နှာ၊ ဒေသခံ ပြည်သူများရဲ့ဒုက္ခ၊ အခက်အခဲတွေ ကိုယ်ချင်းစာဖို့လိုပါတယ်။ အဲ့တော့ ကိုယ်ကျိုးအတွက်၊ ကိုယ့်အဖွဲ့အစည်းအကျိုးအတွက် ဆိုတာထက် ဒေသခံပြည်သူများရဲ့အကျိုး၊ ဒေသခံပြည်သူများရဲ့ အခက်အခဲကို အမှန်တကယ် ဖြေရှင်းပေးဖို့လိုအပ်ပါတယ်။ ရုပ်ပြ၊ ဟန်ပြမည်ကာမတ္တမဟုတ်ဘဲနဲ့ တကယ်အမှန်တကယ်လုပ်ဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တကယ်လို့ တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းဆောင်ရွက်မယ့်ကိစ္စများဆိုရင်လည်း ရိုးသားတည်ကြည်ဖြောင့်မတ်စွာ ညှိနှိုင်းဆောင်ရွက်ဖို့လိုပါတယ်။ တစ်ဖက်နှင့် တစ်ဖက်လည်း ယုံကြည်မှု၊ လေးစားလိုက်နာမှုလည်းလိုပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း အချင်းချင်းပြုလုပ်ထားတဲ့ ကတိကဝတ်၊ စည်းမျဉ်းစည်းကမ်း၊ တကယ်လို့ ဥပဒေရှိလို့ရှိရင် ဥပဒေနဲ့အညီလည်း ဆောင်ရွက်ဖို့လိုပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပါဝင်ရမယ့်သူများ အားလုံးပါဝင်ဖို့လိုပါတယ်။ အဲ့ဒီနေရာမှာ ဒီနေ့ ပြည်သူများလည်း ပါဝင်ဖို့လိုပါတယ်။ ပြည်သူများသည် မှန်မှန်ကန်ကန်ဆုံးဖြတ်ပြီးတဲ့အခါမှာ မှန်ကန်တဲ့လမ်းကြောင်းပေါ်

**မူကြမ်း**

လိုက်နိုင်ရေးအတွက် သက်ဆိုင်ရာပါဝင်ပတ်သက်သူများကိုလည်း ပြောဆိုပြီး တပေါင်းတစည်းထဲ ဆောင်ရွက်သွားနိုင်ဖို့လိုပါတယ်။

ဒါ့ကြောင့်မို့လို့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စစ်ရေးလှုပ်ရှားမှုမရှိဘူး၊ တင်းမာမှုလည်းလျော့သွားမယ်၊ တိုက်ခိုက်မှုလည်းမရှိဘူးဆိုရင် ဒေသမှာတာဝန်ရှိကြတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေကလည်း စစ်ဘေးရှောင်နေကြတဲ့ ပြည်သူများအတွက် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေဆောင်ရွက်ပေးဖို့လိုတယ်။ အဲ့လိုမဆောင်ရွက်ပေးဘဲနဲ့တော့ ခုနက လူပေါင်း ၂၀၀ ကျော်၊ နောက် ဘုန်းတော်ကြီး ၅၂ ပါး၊ နောက် အမျိုးသမီး ၈၀ ကျော်၊ ခုနက Slide ထိုးပြတဲ့အခါမှာ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးအပါအဝင် များစွာဆုံးရှုံးမှာဖြစ်တဲ့အတွက် အခုကျွန်တော်တို့ အမှန်တကယ်လုပ်နေပြီဆိုလို့ရှိရင် လုပ်တဲ့အဖွဲ့အစည်းတွေက ထိထိရောက်ရောက် ပါဝင်ပေးဖို့လိုပါတယ်။ ကျေးသီးဆိုတာ လုံခြုံရေးအရ ထိုက်သင့်တဲ့အနေအထားကောင်းလို့ ဒီနေ့လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ခံထားရတဲ့နေရာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ဒီအတွက် တာဝန်ရှိတဲ့အဖွဲ့အစည်းများက တာဝန်ခံပြီးတော့ ဒေသဖွံ့ဖြိုးရေး၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဒေသဖွံ့ဖြိုးရေးအတွက် ဒီနေ့ဒုက္ခရောက်နေကြတဲ့ ပြည်သူများကို ကယ်တင်ကူညီရေး အင်မတန်အရေးကြီးပါတယ်။ အဲ့တော့ စစ်ရေးက စစ်ရေးအရ၊ ကာကွယ်ရေးက ကာကွယ်ရေးအရ ဆောင်ရွက်ရမယ့်အပိုင်းရှိသလို လုံခြုံရေးအရ လုံခြုံရေးမှာ တာဝန်ရှိတဲ့ အဖွဲ့အစည်းများရှိပါတယ်။ ဘယ်အဖွဲ့အစည်းများလည်း အားလုံးသိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အခြားအုပ်ချုပ်ရေးအဖွဲ့အစည်းများဟာ တကယ်ဒီဒေသမှာ အမှန်တကယ်သာ ခုနကဲ့သို့ ပြည်သူများ ကြီးလန့်စာစားကြောက်ရွံ့စိုးရိမ်နေတယ်ဆိုလို့ရှိရင် မိမိတို့က တာဝန်ရှိတာနဲ့အညီ ရှေ့တန်းကပါဝင်နေ။ မကြောက်ကြနဲ့၊ မစိုးရိမ်ကြနဲ့ လုပ်စရာရှိတာတွေ ပြည်သူနဲ့အတူ ရဲရဲဝံ့ဝံ့ဆောင်ရွက်ဖို့လိုပါတယ်။

ဒီနေ့ နိုင်ငံ့အကြီးအကဲလည်း သက်ဆိုင်ရာဌာနအသီးသီးကို တာဝန်ခံမှု၊ တာဝန်ယူမှုဆိုတာ ဒီလိုပြောနေတယ်။ ဒါ့ကြောင့်မို့လို့ တာဝန်လည်းခံပါ။ တာဝန်လည်းယူပါ။ မိမိတို့ဟာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြတယ်။ အဲ့ဒီတိုင်းပဲ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အမြဲပြောနေတာကတော့ ပြည်သူ့ဘက်က ပြည်သူ့မျက်နှာကြည့်ဖို့ပါပဲ။ လူတစ်ယောက်အဖွဲ့အစည်းအတွက်ကို မျက်နှာကြည့်ဖို့ပဲဆိုပေမယ့် ပြည်သူ့အတွက်ကို တကယ် ကျွန်တော်တို့ ကြည့်ပေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့တစ်တွေ ပြည်သူတွေအပေါ်မှာ သစ္စာပြုထားတဲ့ ကတိ၊ ကတိသစ္စာပြုထားတဲ့ ကတိတွေ၊ တာဝန်ခံ၊ တာဝန်ယူမှုတွေ ဆက်လက်

ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ ကျွန်တော် လွှတ်တော်ကို ပြန်တင်ပြပါမယ်။ ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းတဲ့ စိုက်ပျိုးရေးရာသီကာလဖြစ်သည်နှင့်အညီ စိုက်ပျိုးလုပ်ကိုင်ရန် ကျေးလက်ဒေသခံ ပြည်သူများ ဒုက္ခရောက်စေသော စစ်ရေးလှုပ်ရှားမှုများ အမြန်ဆုံးရပ်တန့်ပေးနိုင်ပါရန်။ ဒါနဲ့ပတ်သက်လို့ ခုနက ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေနဲ့လည်း စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်နိုင်ဖို့အတွက် ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် အဲ့ဒီဆွေးနွေးဆုံးဖြတ်ဆောင်ရွက်တဲ့အတိုင်း ဆောင်ရွက်မယ်ဆိုရင် စစ်ရေးလှုပ်ရှားမှုတွေရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့လည်း ကြီးမားသောလှုပ်ရှားမှုများ မရှိတဲ့အခြေအနေလည်း ဖြစ်နိုင်တယ်။ ယင်းလှုပ်ရှားမှုများကြောင့် ဒုက္ခအခက်အခဲရောက်နေကြသော ကျေးသီးမြို့နယ်ရှိ ဝမ်ဝပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်တိုင်းရင်းသားများ အေးချမ်းစွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကူညီဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုမှာ အကယ်လို့ ခုနကကဲ့သို့ ကိစ္စမျိုးမရှိဘူးဆိုရင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများက ရှောင်နေကြတဲ့ရွာသားများ ပြန်လာပါ။ မိမိလုပ်စရာရှိတဲ့ အလုပ်တွေလုပ်။ စိုက်ပျိုးရေး၊ အဲ့တိုင်းပဲ ကျောင်းတွေဖွင့်၊ ကလေးတွေကျောင်းတက်။ ပြီးတော့ ဒီမြို့နယ်မှာရှိတဲ့ ကျန်းမာရေးအတွက် စိတ်ပူရတယ်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေကလည်း ပြည်သူ့ဝန်ထမ်းပီပီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားလုံးဝိုင်းဝန်းဖော်ဆောင်ရမယ့်ကိစ္စတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဒါဟာ အမျိုးသားရေးတာဝန် (National Cause) ဒီလိုဖြစ်တဲ့အတွက် အားလုံးမှာ တာဝန်ရှိတဲ့အတွက် အားလုံးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ဒီအဆိုကို သက်ဆိုင်ရာတာဝန်ရှိတဲ့သူများက ဆောင်ရွက်နေပါတယ်။ မှတ်တမ်းတင်ထားရှိပေးပါဆိုပြီးတော့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များလည်း ဒီလိုဆွေးနွေးသွားပါတယ်။ ဒီလိုပဲ ဆောင်ရွက်နေပါတယ်လို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များလည်း ဆွေးနွေးသွားတယ်။ ဒါ့ကြောင့်မို့လို့ လွှတ်တော်မှာဒီအဆိုနဲ့ပတ်သက်ပြီးတော့ မှတ်တမ်းတင်ထားရှိဖို့။ ပြီးခဲ့တဲ့အခါမှာ မှတ်တမ်းတင်ထားရှိရုံတင်မပြီးဘဲနဲ့ ဒီဟာကို စောင့်ကြည့်ပြီးတဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်က နေပြီးတော့ စောင့်ကြည့်ပြီးတဲ့အခါမှာ လိုအပ်တာများဆောင်ရွက်ဖို့အတွက် လိုအပ်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိုင်းအွမ်ဆိုင်မိုင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာအဖွဲ့အစည်းများ ဆောင်ရွက်မယ့်ကိစ္စများကိုလည်း လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များက စောင့်ကြည့်ပြီး ထူးခြားမှုများရှိတယ်ဆိုလို့ရှိရင်လည်း လွှတ်တော်မှတစ်ဆင့် ဖြစ်စဉ်များကို တင်ပြနိုင်ဖို့အတွက် ကျွန်တော်တို့က ဆောင်ရွက်သွားဖို့လိုအပ် မှာဖြစ်ပါတယ်။

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက တင်သွင်းသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက် ဒဏ်ရာရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက် ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့်တစ်ပိုဒ်ချင်းစီ အလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ကျော်လွန်သွားပါမယ်။ အစီအစဉ် ၇ ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနား ခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီကတင်သွင်းသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက် ပေးရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက် နေ့ဖြစ်သော ၃၀-၆-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်း ခြင်းများပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက် အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၅-၇-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြု

ခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ် နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ရပ်လုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြု နိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းသည့်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက် အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းနဲ့ ပြည် မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ လိုအပ်က ပြည်ထောင်စုအဖွဲ့အစည်းဝင်က ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(က)အရ ၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာ များအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၁၈ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်း မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်း ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသောထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက် ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက် ၁၈ ချက်မှာ စာမျက်နှာ ၁၊ အမှတ်စဉ်(၁) ဥပဒေခေါင်းစဉ် စာမျက်နှာ ၁၊ အမှတ်စဉ်(၂) နိဒါန်း စာမျက်နှာ ၁၊ အမှတ်စဉ် (၃)၊ အခန်း (၁)၊ အပိုဒ်(၁) စာမျက်နှာ ၂ အမှတ်စဉ် ၄ အပိုဒ် ၂ အပိုဒ်ခွဲ (က) အမှတ်စဉ် ၅၊ အပိုဒ်ခွဲ(ခ) အားပယ်ဖျက်ခြင်း။ စာမျက်နှာ ၂ နှင့် ၃ အမှတ်စဉ် ၇ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) အမှတ်စဉ် ၈ ၊ အပိုဒ်ခွဲ(င) ကိုပယ်ဖျက်ခြင်း။ အမှတ်စဉ် ၉ အပိုဒ်ခွဲ (စ) စာမျက်နှာ ၃၊ အမှတ်စဉ် ၁၁ အခန်း(၂) အခန်း(၂) ခေါင်းစဉ် စာမျက်နှာ ၄ နှင့် ၅၊ အမှတ်စဉ် ၁၃ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ) အမှတ်စဉ် ၁၄၊ မူလအပိုဒ် ၅ အား အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ) အဖြစ် ပြင်ဆင်ခြင်း။ အမှတ်စဉ် ၁၅ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ နှင့် အပိုဒ် ၉ တို့အား ပယ်ဖျက်ခြင်း စာမျက်နှာ ၆ အမှတ်စဉ် ၁၆ အခန်း(၃) အခန်း(၃) ခေါင်းစဉ်

အမှတ်စဉ် ၁၇ အပိုဒ် ၁၀ အားပယ်ဖျက်ခြင်း။ စာမျက်နှာ ၇ အမှတ်စဉ် ၁၉ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ခ) အားပယ်ဖျက်ခြင်း။ အမှတ်စဉ် ၂၀ အပိုဒ် ၁၂ အားပယ်ဖျက်ခြင်း။ စာမျက်နှာ ၈ အမှတ်စဉ် ၂၁ အပိုဒ် (၁၃) အမှတ်စဉ် ၂၂ အပိုဒ် ၁၄ အားပယ်ဖျက်ခြင်းနှင့် အမှတ်စဉ် ၂၃ အပိုဒ်(၁၅)တို့ ဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်အတည်ပြုချက် ၁၈ ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အချိန်တော်တော်လေး ကျွန်တော်တို့ယူပြီး ဆောင်ရွက်တဲ့နေရာမှာ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် နောက်တစ်ခါ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အကြိတ်အနယ် ဆွေးနွေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဥပဒေကြမ်းကော်မတီကလည်း ကျွန်တော်သိသလောက်ဆိုရင် ဒီအဖွဲ့အစည်းများနှင့် အားလုံး တိုင်ပင်ပြီးတော့ ပြင်ဆင်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးရမယ့် ဝတ္တရားရှိလို့မေးတာပါ။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကော်မတီရဲ့ ပြင်ဆင်ချက်ကိုကန့်ကွက်ရန် မရှိဘူးလို့ယူဆပါတယ်။ ဒါကြောင့် ကန့်ကွက်ရန်ရှိက ကန့်ကွက်ပါ။ မရှိဘူးဆိုရင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၁၈ ချက်အား အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှင်းအောင် ကျွန်တော်တို့စာမျက်နှာနဲ့သွားပါမယ်။ ကန့်လန့်ဖြတ်ဇယားအရ စာမျက်နှာ ၂ အမှတ်စဉ် ၆ ဒေါက်တာအောင်သန်း၊ ရွှေဘို ပြင်ဆင်အဆိုပြုချက် တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဤဥပဒေကြမ်းအမှတ်စဉ် ၆ အခန်း(၁) အပိုဒ်၂ အပိုဒ်ခွဲ(ဂ)ကို ကျန်းမာရေးစောင့်ရှောက်ပေးသူဆိုတဲ့နေရာကို မူလဥပဒေကြမ်းကို မူလပြဋ္ဌာန်းချက်ကို ယခုလို ပြင်ဆင်ထားပါတယ်။ ကျန်းမာရေးစောင့်ရှောက်ပေးသူဆိုသည်မှာ ဤဥပဒေအရ ထိခိုက်ဒဏ်ရာရရှိသော အရေး

ပေါ်လူနာအား ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဆရာဝန်၊ သူနာပြုဆရာမ၊ သားဖွားဆရာမ၊ ဓာတ်ခွဲဝန်ထမ်း၊ လက်ထောက်ကျန်းမာရေးမှူး၊ ကျန်းမာရေးအကူဝန်ထမ်းအပါအဝင် သက်ဆိုင်သူအားလုံးကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။ ကျွန်တော်၏ ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုရဲ့ ပြင်ဆင်အဆိုပြုချက်အား မူလ ဒီဥပဒေကြမ်းကိုတင်သွင်းခဲ့တဲ့ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက သဘောတူပါသလား။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ဒေါက်တာအောင်သန်း ပြင်ဆင်ချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောတူပါသလား။ ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်တော့မရှိပါဘူးခင်ဗျား။ နည်းနည်းလေးဖြည့်စွက်ဆွေးနွေးခွင့်လေးပြုပါခင်ဗျား။ ကျွန်တော်တို့ ပထမ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီလိုလေးဖြစ်လာတဲ့ကိစ္စကတော့ ကျွန်တော်တို့ ပြန်စဉ်းစားကြည့်တဲ့အခါမှာ နိုင်ငံတော်ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆေးရုံဆေးခန်းများကတော့ အဓိကကတော့ Police Case တွေပါ။ ရိုးရိုးသာမန် ထိခိုက်ဒဏ်ရာထက်ကို Police Case တွေကို ပြင်ပဆေးခန်းတွေ၊ ပြင်ပဆရာဝန်တွေမကိုင်ရဘူး။ မထိရဘူး။ ကုသမှုမပေးရဘူးဆိုတဲ့ လွဲမှားတဲ့ယုံကြည်ချက်နဲ့ အဲလိုယုံကြည်ပြီးတော့ ထိခိုက်ဒဏ်ရာရတဲ့လူတွေကို မကုပေးတဲ့အတွက် အချိန်မီစောင့်ရှောက်မှုမပေးတဲ့အတွက် ပိုပြီးတော့ နစ်နာသွားတာ မဖြစ်သင့်တာတွေဖြစ်သွားတာ၊ မသေသင့်ဘဲသေတာတွေဖြစ်တယ်ဆိုပြီးတော့ ဒီကိစ္စလေးပေါ်လာတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြောရလို့ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီအစိုးရဆေးရုံဆေးခန်းများမှာရော၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာပါ ဒီထိခိုက်ဒဏ်ရာတွေကို စောင့်ရှောက်မှုမပေးရဘူးလို့ အမိန့်ထုတ်ပြန်ထားတာမရှိပါဘူးခင်ဗျ။ ဒါလေးကို ရှင်းရှင်းလင်းလင်းလေး ကျွန်တော့်အနေနဲ့ သိစေချင်ပါတယ်။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေမှာ ဥပဒေအခန်း(၆) ဥပဒေအပိုဒ် ၈ မှာ ပြဋ္ဌာန်းထားတာရှိပါတယ်။ သတ်မှတ်ထားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနဲ့ ၂၄ နာရီပတ်လုံး တာဝန်ထမ်းဆောင်စေရန် ဆောင်ရွက်ထားခြင်းရှိရမယ့်အပြင် အပိုဒ်(င)မှာလည်း အရေးပေါ်ပြင်ပလူနာနဲ့ အတွင်းလူနာများကို

၂၄ နာရီ ကုသမှုခံယူနိုင်စေရန် ဆောင်ရွက်ထားခြင်း၊ အပိုဒ်(စ)မှာ လူနာများကို အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်းဆိုတဲ့ အချက်အလက်တွေပြည့်စုံမှသာ ပုဂ္ဂလိကဆေးရုံရဲ့ အင်္ဂါရပ်ဖြစ်ပါမယ်။ ပုဂ္ဂလိကဆေးခန်းမှာလည်း ဒီလိုပါပဲ ဆေးခန်းဆိုတဲ့အတိုင်း အတွင်းလူနာကို လက်မခံဘဲနဲ့ အပြင်လူနာအနေနဲ့ကတော့ ခုနကလူနာမျိုးတွေကို ပြုစုပေးရမှာဖြစ်ပါတယ်။ ဒီလိုပဲ အဖွဲ့အစည်းကို ဥပဒေအရ လုပ်ရမယ့်ကိစ္စတွေ ညွှန်ကြားထားသလို တစ်ဦးချင်းတစ်ယောက်ချင်း အတွက်ကိုလည်း တာဝန်ခံပုဂ္ဂိုလ်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့ရဲ့ တာဝန်ဝတ္တရားများ ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့က မည်သည့်အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနဲ့ လိုအပ်ပါက ညွှန်းပို့ခြင်း အပိုဒ်(ဆ)ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဥပဒေပုဒ်မ ၂၅ ရဲ့ အပိုဒ်(ဆ)မှာပါပါတယ်။ (စ) မှာလည်း လူနာ၏အကျိုးကို ရှေ့ရှု၍ လိုအပ်ပါက သက်ဆိုင်ရာပညာရှင်ဌာနနဲ့ ဆေးရုံများသို့ အချိန်မီညွှန်းပို့ခြင်းဆိုတဲ့ကိစ္စက ပါပြီးသားဖြစ်ပါတယ်။ ဒါကြောင့် မလုပ်ရဘူးလို့ လွဲမှားစွာယူဆနေတာတွေဟာ ကျွန်တော်တို့ ဒါလေးကို ပြည်သူအများ သိဖို့လိုပါတယ်။ အဲဒီတော့ ဒီဟာတွေပါပြီးသားဖြစ်တဲ့အတွက် တကယ်လို့ မလုပ်ခဲ့ဘူးဆိုရင်လည်း ဌာနဆိုင်ရာအနေနဲ့ ဘယ်လိုအပြစ်ပေးအရေးယူသွားမယ်ဆိုတာလည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာဥပဒေမှာ ပါပြီးသားဖြစ်ပါတယ်။ ဒီလိုပဲ မြန်မာနိုင်ငံဆေးကောင်စီရဲ့ ဥပဒေမှာလည်း ကျွန်တော်တို့ ဆရာဝန်တွေသည် ဒါမှမဟုတ် သားဖွားဆရာမတွေသည် တာဝန်ဝတ္တရားများကို မဆင်မခြင်ပေါ့လျော့စွာဆောင်ရွက်ခြင်း၊ ကျင့်ဝတ်သိက္ခာနဲ့အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊ အရည်အသွေးနဲ့အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်းဆိုတဲ့ကိစ္စတွေနဲ့ ကျွန်တော်တို့က အရေးပေါ်ကိစ္စတွေမှာ အရေးယူနိုင်တဲ့ ပုဒ်မတွေရှိပြီးသားဖြစ်ပါတယ်။ အင်္ဂလိပ်လိုကတော့ Negligence တို့ Negligence ဆိုတာက လူနာကို Neglect လုပ်တာပေါ့လေ။ Ignorance ဆိုတာ သူသိသင့်သိထိုက်တာကို သူမသိတဲ့ကိစ္စ၊ နောက် Professional Misconduct ခေါ်တဲ့ သူ့ Conduct က မှားယွင်းတဲ့ လုပ်ဆောင်မှုတွေ ဒါတွေကိုလည်း ကျွန်တော်တို့က မြန်မာနိုင်ငံဆေးကောင်စီဥပဒေအရ အရေးယူပိုင်ခွင့်ကို ဒီဆေးကောင်စီဥပဒေမှာလည်း အတိအလင်းပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပထမ ကျွန်တော်တို့ ဖတ်ကြည့်လိုက်တဲ့အခါမှာ ဒီဥပဒေကြမ်းမှာ မလုပ်ရဲမကိုင်ရဲ ဖြစ်နေတဲ့ ပုဂ္ဂလိကဆေးခန်းတွေ၊ ဆရာဝန်တွေ၊ ဆရာမတွေ အကူအညီပေးချင်တဲ့လူတွေကို လုပ်ရဲကိုင်ရဲလာအောင် ကူညီချင်စိတ် ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ နဂိုကတည်းက ကူညီချင်စိတ်ရှိပြီးသား ကူညီချင်စိတ်ကို တကယ်ကူညီနိုင်ခွင့်ရှိအောင် ကူညီနိုင်တယ်၊ မစိုးရိမ်နဲ့ မကြောက်နဲ့

ဥပဒေအရ အကာအကွယ်ပေးမယ်။ လုပ်သင့်လုပ်ထိုက်တာကို အနီးဆုံးလူက အကောင်းဆုံးလုပ်ပေးပါ။ အဲဒီလိုပဲဖြစ်သင့်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ယူဆပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ ဥပဒေက တဖက်ကနေ ပြန်လှည့်သွားပြီးတော့ မလုပ်တဲ့သူကို အရေးယူမယ်။ အဲဒီလိုဖြစ်သွားရင် သိပ်မကောင်းဘူး။ ကောင်းတာကတော့ ကျွန်တော်တို့က ကူညီပါ။ ကူညီတဲ့လူကို အချိန်နှင့်တစ်ပြေးညီ အကောင်းဆုံးလုပ်ပေးတဲ့သူကို ဥပဒေကနေ အကာအကွယ်ပေးတယ်။ ဒီဟာကိုဆောင်ရွက်ပေးကြပါဆိုတဲ့ဟာမျိုးကို သိအောင်ပါ။ တစ်ခါတလေကျတော့ ကျွန်တော်တို့ အခုအချိန်မှာနောက်ဆုံးလုပ်နေတာကတော့ အဲလို ခုနက နားလည်မှုလွဲမှားသွားတာကလည်း တစ်ချိန်ကကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ထုတ်ခဲ့တဲ့ အမိန့်ကလေးတွေရှိတယ်။ ဒါကတော့ဥပမာပေါ့ ဒီအရိုးကျိုးသွားတာကို ကျောက်ပတ်တီးစီးလိုက်တယ်။ ဆိုတော့ ဒဏ်ရာက ဖော်ပြလို့မရတော့ဘူး။ ဒါမှမဟုတ်ရင်လည်း ချုပ်လိုက်တယ်ပေါ့။ ချုပ်လိုက်လို့ရှိရင် အတိမ်အနက်လည်းပြောလို့မရတော့ဘူး။ အပြင်ဆေးခန်းတွေမှာ လုပ်တဲ့အခါကျတော့ အဲဒီအခါကျလို့ရှိရင် ဥပဒေရေးရာအရမှာ အနှောင့်အယှက်ဖြစ်တယ်ဆိုပြီးတော့ တကယ်ကတော့ အခုကျွန်တော်တို့ လက်ခံထားတာကတော့ လုပ်စရာရှိတာကို အချိန်နှင့်တစ်ပြေးညီ လုပ်သင့်လုပ်ထိုက်တဲ့အတိုင်းအတာ သူ့ရဲ့စွမ်းရည်ရှိသလောက်ကို လုပ်ပေးရမှာဖြစ်တယ်။ Proper Recording ဖြစ်ပါတယ်။ ဒီဒဏ်ရာရဲ့ဟာကို Properly Record လုပ်ထားတယ်။ ပေးတဲ့ Treatment ကို ကုသမှုကို ကောင်းကောင်း Record လုပ်ထားတယ်။ ပြီးတဲ့အခါကျတော့မှ အစိုးရဆေးရုံဆေးခန်းကို လွှဲပေးလိုက်တယ်ဆိုလို့ရှိရင် ဒါတာဝန်ကျေပါတယ်ခင်ဗျ။ ဒါလည်း လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို သူလုပ်ပြီးသား Record လည်း ရှိတဲ့အတွက်ကြောင့်မို့လို့ ဘယ်ဘက်ကမှလည်း နစ်နာစရာတစ်ဖက်ကသာ၊ တစ်ဖက်ကနာ ဒီလို Police Case ထဲမှာ အဲဒီလိုမျိုးလည်း ဖြစ်စရာအကြောင်းမရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခုနောက်ပိုင်း ပြန်ဆွေးနွေးပြီးတော့ ပြင်ဆင်ထားတဲ့အခါမှာ ဒီကူညီချင်တဲ့လူတွေ၊ ဆရာဝန်ပဲဖြစ်ဖြစ်၊ ဆရာမပဲဖြစ်ဖြစ်၊ ကျန်းမာရေးလုပ်သားပဲဖြစ်ဖြစ် Paramedic တွေရှိပါတယ်။ ကျွန်တော်တို့အခု သင်တန်းတွေလည်းပေးပါတယ်။ ပေးတယ်ဆိုတာက ဆရာဝန်ဆရာမတင်မကဘဲနဲ့ အနီးဆုံးလူက ရှေးဦးအသက်ကယ် သူနာပြုကို လုပ်ပေးနိုင်ရင် အကောင်းဆုံးဖြစ်တဲ့အတွက် ဒါတွေလည်း သင်တန်းတွေကို Primary Tremor Care ခေါ်တဲ့ ကျွန်တော်တို့က ဆရာဝန်အသင်းကလည်း ပေးနေတယ်။ ဒီလိုပဲ ဆရာဝန်မဟုတ်တဲ့၊ ဆရာမမဟုတ်တဲ့ လူတွေကိုတောင် ကြက်ခြေနီစသဖြင့် ရပ်ကွက်ထဲမှာရှိတဲ့ စေတနာရှင်တွေ၊ လုပ်အားပေးချင်တဲ့

လူတွေကိုတောင် သင်တန်းတွေကို တစ်စတစ်စကျယ်ကျယ်ပြန့်ပြန့် ပေးလာနိုင်တဲ့အတွက် ဒီ EMS Services လို့ခေါ်တဲ့ Emergency Medical Services ထူထောင်လာတာနဲ့အမျှ အစိတ်အပိုင်း တစ်ခုအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို တစ်ခုတည်း အနေနဲ့မကြည့်ဘဲနဲ့ ဆက်စပ်တွေးပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် ပြည်သူလူထုကလည်း ဒါကို နားလည်လာမယ် ဒီကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ပုဂ္ဂလိကအပိုင်းပဲဖြစ်စေ၊ အစိုးရပိုင်းပဲ ဖြစ်စေ INGO, NGO ပဲဖြစ်စေ၊ ဒီသာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များဖွင့်ထားတဲ့ ဆေးရုံဆေးခန်းပဲဖြစ်စေ အရေးပေါ်ဖြစ်လာတဲ့အခါမှာ ဆောင်ရွက်ပေးနိုင်တယ်။ ဆောင်ရွက်ပေးဖို့ကိုလည်း ဥပဒေကလည်း တိုက်တွန်းတဲ့အပြင် ဥပဒေကလည်း အကာအကွယ်ပေးတယ်ဆိုတာကိုလည်း ကျွန်တော်တို့ Essence အနေနဲ့ အဲဒါလေးကိုပဲ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက လိုချင်တာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲ့တော့ ဆရာကြီးဆွေးနွေးသွားတာက အပိုင်းနှစ်ပိုင်းလို့မြင်ပါတယ်။ တစ်ပိုင်း ကတော့ ကျွန်တော်တို့ မူလတုန်းက လွဲမှားစွာနားလည်ထားတဲ့ကိစ္စကို အမှန်ဖြစ်အောင် ရှင်းလင်း တင်ပြဖို့လိုတယ်။ ဒါ့ကြောင့်မို့လို့ ဆရာကြီးဆွေးနွေးသွားတဲ့ ပထမပိုင်းကို ဒီလွှတ်တော်ကတစ်ဆင့် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာထဲမှာ ထည့်ပြီးဖော်ပြပေးချင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဆရာကြီးရဲ့ တင်ပြချက်တွေကို ရေဒီယို၊ ရုပ်မြင်သံကြားပြီးတဲ့အခါမှာ ဒီလိုသတင်းစာကဖော်ပြနိုင်အောင် ကျွန်တော်တို့ ကြိုးစားမှာပါ။ ဒါအပိုင်းတစ်ပိုင်းပါ။ ဒါဘာလည်းဆိုတော့ အရင်တုန်းက Police Case တွေလာပြီဆိုလို့ရှိရင် အရပ်ဆေးခန်းတွေက၊ အရပ်ဆေးရုံတွေက လက်မခံဘူး။ လက်မခံလိုက်တဲ့ အတွက် လူနာတွေ များစွာဆုံးရှုံးခဲ့တာတွေ ရှိပါတယ်။ အဲ့ဒီနည်းတူပဲ တစ်ဦးတစ်ယောက် ဒဏ်ရာ ရတယ်။ ဒဏ်ရာရတဲ့အခါ မှာသွားပြီးတော့ အဲ့ဒီလူကို ကူညီပေးချင်တယ်။ ဒါပေမယ့်လို့ အကူအညီ ပေးလိုက်တဲ့အခါမှာ ရဲအပါအဝင် အခြားအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ပြဿနာရှာနိုင်တယ်၊ ရှာခဲ့တယ်။ ပြီးတဲ့အခါမှာ ဒါ့ကြောင့်မို့လို့ ဒီလိုမလုပ်တဲ့အတွက်လည်း အများကြီးအခက်အခဲတွေ ရှိပါတယ်။ အဲ့လိုရှိတဲ့အတွက် ကျွန်တော်တို့ ဒီလွှတ်တော်ထဲမှာပဲ ဆွေးနွေးပြီးတဲ့အခါမှာ ဒါကို ကျွန်တော်တို့က အမြန်ဆုံးဥပဒေပြုပြီးတော့ ဆောင်ရွက်မယ်ဆိုတဲ့အခါ ကျွန်တော်ထင်ပါတယ်။ ဒီထဲ မှာပါတဲ့ ဌာနတွေအပြင် နိုင်ငံတကာ အဖွဲ့အစည်းတွေပါပြီးတော့ ဒီလိုပြုလိုက်တာဖြစ်ပါတယ်။ ပြုလိုက်ပြီးတဲ့အခါမှာ အခုဒါကို ဆေးပေးခန်းတို့၊ ဆေးရုံတို့ အစိုးရဆေးပေးခန်း၊ ဆေးရုံတွေတင် မကဘူး။ ကျန်တဲ့ဆေးပေးခန်း၊ ဆေးရုံတွေမှာလည်း ဒီတာဝန်ကိုယူဖို့ရှိတယ်ဆိုတဲ့ ဖြစ်လာအောင်

ဥပဒေထဲမှာ ဒီလိုပြဋ္ဌာန်းပေးတယ်လို့ ကျွန်တော် ယူဆတယ်။ အဲ့ဒါသည် တစ်ဖက်ကလည်း အဲ့လို ကူညီပေးတဲ့သူကို အကာအကွယ်ပေးတာ၊ အရင်တုန်းက ဥပဒေထဲမှာ အဲ့လိုမရှိတဲ့အတွက် သူတို့က မကူညီရဲဘူး။ ဒီလိုလုပ်လိုက်တဲ့အတွက် ခုနကကူညီချင်တဲ့ သူတွေကို စေတနာလျှော့ပြီးတော့ မကူညီချင်များဖြစ်မလား။ ဒါပြန်စစ်ရမယ်။ ဥပဒေက ဒီလိုကူညီရမယ်ဆိုတာ မကူညီဘူးဆိုရင်တော့ သူ့မှာတာဝန်ရှိတယ်။ ဒီလိုလည်း တစ်ဖက်က ပြန်စဉ်းစားဖို့လိုတယ်။ အဲ့ဒီအတိုင်းပဲ တစ်ခါ ဒါဆေးရုံ/ဆေးခန်းတွေတင်မကဘူး ကျွန်တော်တို့က ခုနက ရုတ်တရက် လဲနေတဲ့လူနာတစ်ယောက်တွေ့ပြီဆိုရင် တကယ်ကူညီချင်တဲ့သူက ကူညီပေးချင်တယ်။ ဒါပေမယ့်လို့ ခုနတုန်းက အခြားပြဿနာတွေ တက်လာမှာစိုးတဲ့အတွက် မကူညီရဲဘူး။ အဲ့ဒါအတွက်လည်း ဒီထဲမှာ ကျွန်တော်တို့က အကာအကွယ်ပေးဖို့ ရည်ရွယ်ချက်နဲ့ ထည့်ထားတာရှိပါတယ်။

ဒါ့ကြောင့်မို့လို့ အပိုင်းနှစ်ပိုင်းပြောမယ်ဆိုရင် ဆရာကြီးပြောတဲ့ ပထမပိုင်းအနေနဲ့ ကျွန်တော်တို့ ဆေးလောကသားတွေ၊ ကျန်းမာရေးလောကသားတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့တာဝန် ဒါရှိတယ်။ ဒီလိုလုပ်ပါ။ လုပ်တဲ့အခါကျလို့ရှိရင် သူတို့ဥပဒေအရ အကာအကွယ်ပေးထားတယ်ဆိုတာ ဒါလည်း လိုအပ်မယ်လို့ ထင်ပါတယ်။ တကယ်လို့ လုပ်ပါလို့ပြောပြီးတဲ့အခါမှာ မလုပ်ဘူးဆိုလို့ရှိရင်လည်း မလုပ်တဲ့လူကို ကျွန်တော်တို့က ဥပဒေက တစ်ခုတစ်ခုတော့ ကျွန်တော်တို့က ပြုလုပ်ရမှာပဲ။ ဒါလည်း ထည့်ထားဖို့ လိုမယ်လို့ထင်တယ်။ ဒါကျွန်တော့်အထင်ပြောတာပါ။

ဒါ့ကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ အခု ဆွေးနွေးတာက ဆရာကြီးဒေါက်တာအောင်သန်း ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ဆရာကြီးက ကန့်ကွက်တာတော့မဟုတ်ဘူး။ ဒါလေးဆွေးနွေးချင်တယ်ဆိုတဲ့အတွက် ဒီလိုဆွေးနွေးတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဆရာဦးအောင်သန်းအနေနဲ့ ဒီဆွေးနွေးချက်ပေါ်မူတည်ပြီးတော့၊ ပြန်ပြီးတော့ တိုတိုနဲ့လိုရင်းပြန်ရှင်းပြပေးပါ။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနရော၊ သက်ဆိုင်ရာရှေ့နေအကုန်လုံး ကျွန်တော်တို့ ဆွေးနွေးပြီးဖြစ်ပါတယ်။ ဆရာကြီးပြောတဲ့ ရည်ရွယ်ချက်မျိုးကိုလည်း ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့ကို အဲ့ဒီဆွေးနွေးပွဲမှာ အားလုံးရှင်းပြပြီး ဖြစ်ပါတယ်။ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မူလဥပဒေကြမ်းမှာပါတဲ့အချက်တွေ တော်တော်များများကို ပြစ်ဒဏ်တွေရော၊ နောက်ပြီးတော့ လုပ်ရမည်ဆိုတာတွေကို လုပ်ခွင့်ရှိသည်ဆိုတာတွေရော တော်တော်များများ ပြင်ထားပါတယ်။ အခုဒီဥပဒေကြမ်း

ဟာ ဆရာကြီးရဲ့ရည်ရွယ်ချက်နဲ့ ကိုက်ညီတယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလို ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဆရာကြီး ဒေါက်တာအောင်သန်း၊ ရွှေဘိုရဲ့ ပြင်ဆင်အဆိုပြုချက် အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာ အောင်သန်း၊ ရွှေဘိုရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ ဒေါက်တာအောင်သန်း ပြင်ဆင်ချက်အဆို တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ အခန်း (၁) အပိုဒ် ၂ အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ မူလဥပဒေကြမ်းမှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည် မှာ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာန နှစ်ခုကိုပဲ ဖော်ပြထားပါတယ်။ သို့သော်လည်း ကျန်းမာရေးပတ်သက်ပြီးတော့ ဆေးခန်းတွေဖွင့်လှစ်ပြီးတော့ ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနတွေလည်း ရှိပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မီးရထားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ကို ဆိုလိုသည်လို့ ကျွန်တော့် အနေနဲ့ ဖြည့်စွက်ထားပါတယ်။ ကျွန်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်အား အတည်ပြုပေးနိုင်ပါရန် လွှတ်တော်အား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မူလအဆိုပြုထားတဲ့ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအနေနဲ့ ဒီပြင်ဆင်ချက်အဆိုအား ကန့်ကွက်ရန်ရှိပါ သလား။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ မရှိပါဘူးခင်ဗျား။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန် မရှိပါဘူးခင်ဗျား။ နည်းနည်းလေးလိုတာပေါ့။ လိုတဲ့ကိစ္စလေးပါ။ ကျွန်တော်တို့ ဒီကျန်းမာရေး ဝန်ကြီးဌာနအပြင် အခြားကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ဝန်ကြီးဌာနများတွေထဲမှာ အဲဒါအပြင် တခြားရှိပါသေးတဲ့ခင်ဗျ။ သတ္တုတွင်းတို့၊ စက်မှုတို့ အဲဒီမှာလည်း ဆေးရုံဆေးခန်းတွေ ရှိပါသေးတယ်။ အဲဒါကတော့ ပြီးတော့ ညှိလိုက်လို့ရပါတယ်။ ကျွန်တော်တို့ ဘယ်ဝန်ကြီးဌာနတွေအောက်မှာ ဆေးရုံ၊

ဆေးခန်းဆရာဝန်ဆရာမတွေရှိတယ်ဆိုတာ အဲဒါအပြင် တခြားဆေးရုံဆေးခန်းရှိတဲ့ ဝန်ကြီးဌာနတွေလည်း ရှိတယ်၊ ဒါအပြည့်အစုံ မဟုတ်ဘူး။ အဲဒါလေး ဖြည့်စွက်လိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒုတိယရှေ့နေချုပ် ပြောပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီတင်ပြပါ ထိခိုက်ဒဏ်ရာရရှိတဲ့ အရေးပေါ်လူနာများအား ကူညီစောင့်ရှောက်ရေးဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့လည်း ကန့်ကွက်ဖို့ မရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ကတော့ ပြဋ္ဌာန်းပြီးမှ ထိထိရောက်ရောက်အကောင်အထည်ဖော်ဖို့ ပြည့်ပြည့်စုံစုံလေးမဖြစ်မှာစိုးလို့ ဒါလေးကို ကျွန်တော် ဝင်ဆွေးနွေးလိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေမှာ ပုဒ်မ ခုနစ်ခုနဲ့ရေးသားထားတာ ဖြစ်ပါတယ်ခင်ဗျား။ အဓိကကတော့ အခန်း(၂)ဖြစ်ပြီးတော့ ပုဒ်မ ၃ နဲ့ ပုဒ်မ ၄ ဖြစ်ပါတယ်။ အလုပ်လုပ်မယ့်ပုဒ်မ ပုဒ်မ နှစ်ခုဖြစ်ပါတယ်။ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ဖြစ်ပါတယ်။ ပုဒ်မ ၃ မှာက မည်သူမဆို ထိခိုက်ဒဏ်ရာရတဲ့ အရေးပေါ်လူနာကိုတွေ့လို့ရှိရင် အချိန်မီဆေးကုနိုင်ဖို့ အနီးဆုံးဆေးရုံ၊ ဆေးခန်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံကို ဆောလျင်စွာရောက်ရှိရန် သင့်လျော်သောနည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်လို့ ရေးသားထားပါတယ်ခင်ဗျား။ အဲ့ဒီတော့ ဆောင်ရွက်နိုင်သည် ဆိုတဲ့အတွက်ကြောင့် မဆောင်ရွက်လည်းရတဲ့သဘောဖြစ်ပါတယ်။ ဒီနေရာမှာ ဆောင်ရွက်ရမယ်လို့ ဖော်ပြပြန်ရင်လည်း မလိုက်နာလို့ရှိရင် တားမြစ်ချက်တို့၊ ပြစ်ဒဏ်တို့က ထည့်ရမှာဖြစ်တဲ့အတွက် ကြောင့်မို့လို့ အများပြည်သူအတွက် ဒါကလည်း မသင့်မမြတ်ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆောင်ရွက်နိုင်သည် ဆိုပြန်တော့လည်း မဆောင်ရွက်လည်းရတဲ့သဘော ဥပဒေမှာဖြစ်နေပါတယ်။ နောက် ပုဒ်မ ၄ ပေါ့။ ပုဒ်မ ၄ မှာတော့ တကယ်ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို လက်ခံရရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့သူ ဆေးရုံ၊ ဆေးခန်းတို့က ကုသမှုကို အချိန်မီဆောင်ရွက်ပေးခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ အဲ့တော့ ဒီနေရာမှာတော့ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ခုနက Police Case တွေမှာ ဆောင်ရွက်ပေးဖို့ အခွင့်အလမ်းရှိတယ်ဆိုတာကို ဖော်ပြလိုခြင်းဖြစ်တယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်က အဓိပ္ပာယ်ကောက်ယူပြန်ရင်လည်း ဒီအထက်ပါကိစ္စဟာ ဆောင်ရွက်ခွင့်ရှိသည်ဆိုတော့ ဒါက အခွင့်အရေးမဟုတ်ဘူးခင်ဗျာ့။ အခွင့်အရေးတော့မဟုတ်ဘူး။ ရေးသားထားတဲ့အရေးအသားက။ သို့သော်လည်းပဲ ဒီပုဒ်မနဲ့ပတ်သက်ပြီးတော့

ဖောက်ဖျက်လို့ရှိရင်၊ ပျက်ကွက်လို့ရှိရင် ပုဒ်မ ၅ မှာ စီမံခန့်ခွဲရေးနည်းလမ်းနဲ့ အရေးယူမယ်ဆိုတာ တစ်ခါ ပါဝင်နေပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အရေးယူခံရမယ်ဆိုရင်လည်း ဆောင်ရွက်ခွင့်ရှိသည် လို့မရေးဘဲနဲ့ ဆောင်ရွက်ရမည်လို့ ရေးမှပဲသင့်မြတ်မယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒီဥပဒေမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ဆရာဝန်၊ သူနာပြု၊ သားဖွား၊ ကျန်းမာရေးဝန်ထမ်းများကိုသာ ပျက် ကွက်လို့ရှိရင် ဒီစီမံခန့်ခွဲရေးနည်းလမ်းနဲ့ အရေးယူဖို့ ကျွန်တော်တို့ လောလောဆယ်ရေးသားထားပါ တယ်။ ဒါပေမယ့်လည်း ခုနက ကျန်းမာရေးဝန်ကြီးဆွေးနွေးတင်ပြသလိုပဲ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေတို့၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတို့၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေး ကောင်စီဥပဒေတို့၊ သူနာပြုနှင့်သားဖွားဆိုင်ရာဥပဒေတို့၊ တိုင်းရင်းဆေးကောင်စီဥပဒေတို့ ဒီဥပဒေ တွေထဲမှာလည်း ဒီဆရာဝန်၊ သူနာပြုတွေရဲ့ကျင့်ဝတ်တွေ၊ သိက္ခာတွေနဲ့အညီ လိုက်နာစောင့်ထိန်းဖို့၊ နောက် တာဝန်ဝတ္တရားတွေကို ပေါ့ပေါ့လျော့လျော့မဆောင်ရွက်ဖို့၊ အတတ်ပညာနဲ့အများပြည်သူကို အစွမ်းဆောင်နိုင်ဆုံး ပြုစုစောင့်ရှောက်ဖို့၊ မည်သည့်အရေးပေါ်လူနာကိုမဆို ကုသပေးဖို့၊ ၂၄ နာရီလုံး ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ဆိုတဲ့ တာဝန်တွေ၊ စည်းကမ်းတွေဟာ ဒီဥပဒေအသီးသီးမှာ သတ်မှတ်ထားပြီးသားဖြစ်ပါတယ်။ ဒါတွေကိုလည်း ပျက်ကွက်လို့ရှိရင်၊ ဒီတာဝန်တွေကို ပျက်ကွက်လို့ ရှိရင် လိုင်စင်တွေ ပယ်ဖျက်တာတို့၊ ရုပ်သိမ်းတာတို့ လုပ်ခွင့်ရှိပြီးဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ခုနက ဝန်ကြီးဌာနတွေ အသီးသီးဖော်ပြတာတွေ ဒီအပိုဒ်ကို အခု အတည်ပြုချက်ယူတဲ့နေရာမှာ ဝင်ရောက်ဆွေးနွေးရမယ်ဆိုရင်တော့ ဒီဟာ အခုလို ဖော်ပြလိုက်ခြင်းအားဖြင့် ကျန်လည်းကျန်ရှိနိုင် တယ်။ ခုနက ကျန်းမာရေးဝန်ကြီးပြောသလို။ ဒီမှာဆိုရင် အလုပ်သမားဆေးရုံတို့ဘာတို့လည်း ရှိတဲ့ အတွက်ကြောင့် အလုပ်သမားတို့၊ ပို့ဆောင်ရေးတို့ ဝန်ကြီးဌာနတွေက ကျန်သွားနိုင်ပါတယ်။ ဒါကြောင့် မို့လို့ ဒီလိုဝန်ကြီးဌာနတွေ တစ်ခုချင်းဖော်ပြတာဟာလည်း ကျန်သွားနိုင်တဲ့အတွက်ကြောင့် တကယ်လို့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို ကြီးကြပ်တဲ့ဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်ဆိုရင်တော့ ပိုမိုပြီး တော့ ပြည့်စုံသင့်မြတ်မယ်လို့ ယူဆပါတယ်ခင်ဗျား။ နောက် ဥပဒေရှေ့မှာလာမယ့် ပုဒ်မ ၆ မှာဆိုလို့ ရှိရင် ဒီကူညီစောင့်ရှောက်သူကို တရားစွဲဆိုအရေးယူခြင်းမပြုရဘူးဆိုပြီး ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲ့ဒီတော့ ဒီဥပဒေမှာ တားမြစ်ချက်တွေ၊ ပြဋ္ဌာန်းချက်တွေလည်း မပါတဲ့အတွက်ကြောင့်မို့လို့ တရားစွဲဖို့ မလုပ်ရဘူးဆိုတာ အမှန်တော့ မရေးလည်းရတဲ့ဟာ ဖြစ်ပါတယ်ခင်ဗျား။ ရေးဖို့လည်း မလိုအပ်တော့ ပါဘူး။ အစကတည်းက တားမြစ်ချက်တို့၊ ပြစ်ဒဏ်တို့ ဥပဒေရဲ့အပိုင်းမှာ မပါတဲ့အတွက်ကြောင့်မို့လို့ ဒီလိုတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတာကတော့ အခု ထိခိုက်ဒဏ်ရာရရှိတဲ့

အရေးပေါ်လူနာတွေကို ကူညီစောင့်ရှောက်ပေးရေးဥပဒေဟာ ဒီလို တားမြစ်ချက်၊ ပြဋ္ဌာန်းချက်တွေ မပါဘဲနဲ့ ကျန်းမာရေးဝန်ထမ်းတွေကသာလျှင် ပျက်ကွက်လို့ရှိရင် စီမံခန့်ခွဲရေးနည်းလောက်ပဲ အရေးယူမယ့်ဥပဒေဖြစ်တော့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ တည်ဆဲဥပဒေတွေမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒါကို ကျွန်တော်တို့က ပြဋ္ဌာန်းပြီးရင် တကယ်ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်တဲ့ ဥပဒေဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ အခုပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းတဲ့ အခုဥပဒေဟာ အသက်ဘေးအန္တရာယ်ကြုံတွေ့ရတဲ့၊ စိုးရိမ်ရတဲ့ လူနာတွေကို အမြန်ဆုံးဆေးကုသခွင့်ရရှိနိုင်ဖို့ စေတနာကောင်းနဲ့ပြဋ္ဌာန်းလိုတဲ့ရည်ရွယ်ချက် ဖြစ်တဲ့အတွက်ကြောင့် ဒါကလည်း အင်မတန်ပဲ ရည်ရွယ်ချက်ကောင်းမွန်တဲ့ ဥပဒေဖြစ်ကြောင်း ကျွန်တော်တို့လည်း နားလည်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေတွေအရလည်း ဒီဥပဒေတွေဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ထိခိုက်ဒဏ်ရာရရှိမှုများပြားတဲ့ အခြေအနေတွေအရ ဒါတွေက ပြဋ္ဌာန်းသင့်တဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ခုနကပြောသလို ပြည့်ပြည့်စုံစုံလေးနဲ့ အချက်အလက်တွေ၊ ခုနကဥက္ကဋ္ဌကြီး ဆွေးနွေးလမ်းညွှန်သွားတဲ့အချက်တွေ၊ ခုနက ကျန်းမာရေးဝန်ကြီးတို့ ဖြည့်စွက်ဆွေးနွေးသွားတဲ့အချက်တွေဆိုလည်း ဒါတွေဟာ ဒီဥပဒေမှာ ထပ်မံပြီးတော့ ပြည့်ပြည့်စုံစုံလေးပါသင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါလေး ကျွန်တော် ဝင်ရောက်ဆွေးနွေးတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယရွှေ့နေချုပ်၊ ဦးထွန်းထွန်းဦးကို ကျေးဇူးတင်ပါတယ်။ အဲ့ဒီတော့ ဆွေးနွေးချက်ကို ကြည့်လိုက်တဲ့အခါမှာ ဒီဥပဒေနဲ့ အခြားဥပဒေနဲ့ Harmonize ဖြစ်ဖို့လိုတာပေါ့။ တချို့ပါပြီးသားကိစ္စတွေ ဒီထဲမှာမထည့်တော့နဲ့။ ခုနကပြောတဲ့ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ အပါအဝင်ပေါ့လေ။ တစ်ချက်ပေါ့။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်၊ သဘောထား သို့မဟုတ် ဆန္ဒပေါ့။ Sprit ပေါ့။ အဲ့ဒီ Sprit တွေကို ရေးတဲ့နေရာမှာ ဒီ Letter ဟာ အကောင်အထည်ဖော်ဖို့။ ဒါကြောင့်မို့လို့ ရှေ့နေချုပ်ရုံးဘက်ကတော့ ဒါမျိုးတွေ ကျွမ်းကျင်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့ စိတ်ကောင်းစေတနာတွေကို ရည်ရွယ်ချက်တွေဖော်ထုတ်တဲ့ ရေးသားနည်းတွေ လွဲနေတယ်၊ လိုနေတယ်ဆိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ အဲဒီမှာ ဒီနေ့ ဒေါက်တာအောင်သန်း တင်သွင်းတဲ့သူလည်း ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဆိုရင်တော့ မလုံလောက်ဘူး။ ကျန်တဲ့ ဝန်ကြီးဌာနတွေလည်း ဆေးရုံ၊ ဆေးခန်းတွေရှိတယ်။ ဒါတွေပါ ထည့်မယ်ဆိုရင် မြင်သလောက်

ထည့်ထားတာပဲ။ မြင်သလောက်ထည့်ပေမယ့် မပြည့်စုံဘူး။ မပြည့်စုံတဲ့အတွက် ဒီနေရာမှာ အားလုံး အကျုံးဝင်တဲ့၊ ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ ဆေးခန်း၊ ဆေးရုံများပါ ပါပြီ စသဖြင့်ပေါ့လေ။ ဒီလို အဓိပ္ပာယ်ပါအောင် ရေးလိုက်မယ်ဆိုရင် အကုန်လုံး ငုံမိသွားနိုင်တဲ့ အနေအထားရှိပါတယ်။ နောက်တစ်ခုကတော့ ဒီတားမြစ်ချက်၊ ပြစ်ဒဏ်များမပါဘူး။ ဒါကြောင့်မို့လို့ မလိုဘဲနဲ့ မထည့် ဘူးဆိုတာ ရှေ့မှာဆွေးနွေးသွားတဲ့အတိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဒီနေ့ ပြီးအောင်တော့ ဆက်ပြီးတော့ ဆွေးနွေးသွားပါမယ်။ ပြီးတဲ့အခါမှာ မလိုတဲ့ ခုနက ပုဒ်မ ၃ တို့၊ ပုဒ်မ ၄ တို့မှာ ပြန်ပြီးတော့ ရှေ့နေချုပ်ရုံးအပါအဝင် ကျန်တဲ့အဖွဲ့များ ပြန်ပြီးတော့ ပြင်ဆင်ပြီးတဲ့အခါမှာ လွှတ်တော်ကို ပြန်ပြီးတော့ အတည်ပြုပေးတဲ့အခါမှာ ဒီဟာသည် ဥပဒေကောင်းတစ်ခုဖြစ်သွားနိုင်ပါ တယ်။ အမှန်တကယ်လည်း ဒီဥပဒေက လိုအပ်တဲ့ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် အခု ဒေါက်တာ အောင်သန်း တင်သွင်းတဲ့အဆိုကို မူအားဖြင့်သဘောတူတယ်။ သို့ရာတွင် အားလုံးပါဝင်ပြည့်စုံအောင် ပြန်လည်ရေးသားပါ။ အဲ့ဒီရေးသားဖို့အတွက် ရှေ့နေချုပ်ရုံးနှင့်တာဝန်ရှိသူများကို ကျွန်တော်တို့ တာဝန်ပေးလွှဲအပ်ပါတယ်။ ရှေ့ဆက်သွားပါ။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၃ ပြင်ဆင်ချက် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ် ပြင်ဆင်ချက်အဆို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့်ဖြစ်ပါတယ်။ အခု ဒီဥပဒေမှာ စာမျက်နှာ ၄ အမှတ်စဉ် ၁၃ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့်(ခ)ကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပယ်ဖျက် ပြင်ဆင်လိုပါတယ်ခင်ဗျား။ မူလမှာ မူလ ပုဒ်မ ၄ ပုဒ်မခွဲ(က)မှာ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား စတင်လက်ခံရရှိသည့် ကျန်းမာရေးကုသစောင့်ရှောက်မှုပေးသူသည် မိမိ၏ကျွမ်းကျင်မှုအဆင့်အလိုက် အမြင့်ဆုံးကုသမှုကို ဆောင်ရွက်ပေးရမည်လို့ ရေးထားပါတယ်။ ပုဒ်မ(ခ)မှာ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား စတင်လက်ခံရရှိသည့်ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ယင်းတို့၏ ဆေးဝါးကုသရေးကိရိယာနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် အမြင့်ဆုံးကုသမှုကို ဆောင်ရွက်ပေးရမည်လို့ ပထမရေးထားတာကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ချင်တာက အဲ့ဒီမှာ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား စတင် လက်ခံရရှိသော ကျန်းမာရေးကူညီစောင့်ရှောက်မှုပေးသူသည် ကုသမှုကို အချိန်မီ ဆောင်ရွက်ပေးခွင့် ရှိသည်လို့ ကျွန်တော့်အနေနဲ့ အချိန်မီကို ထည့်လိုပါတယ်။ ဒီဥပဒေရဲ့ တကယ့်ရည်ရွယ်ချက်က Accident ဖြစ်ကြလို့ အရေးပေါ်လူနာတွေကို တတ်နိုင်သလောက် ကူညီကြတဲ့အခါမှာ သူ့ရဲ့အသက်

မူကြမ်း

ကို ကျွန်တော်တို့ အချိန်မီဆောင်ရွက်ပေးသင့်တဲ့အတွက် အဲ့ဒီအချိန်မီဆိုတဲ့စကားလုံးကို ကျွန်တော် ဖြည့်စွက်လိုပါကြောင်း တင်ပြလိုပါတယ်။ ဒုတိယက ကျွန်တော်ပယ်ဖျက်ချင်တာက ပုဒ်မ ၄ ပုဒ်မခွဲ(က) မှာ မိမိ၏ကျွမ်းကျင်မှုအဆင့်အလိုက် အမြင့်ဆုံးကုသမှုကိုဆိုတဲ့စကားလုံးဟာ မလိုတဲ့အတွက် ပယ်ဖျက်ပေးပါရန် တင်ပြအပ်ပါတယ်။ နောက်ပြင်ဆင်လိုတာက ခုနကဆွေးနွေးနေကြတဲ့ ကျွန်တော်တို့ ပထမပြဌာန်းထားတာက ဆောင်ရွက်ပေးရမည်ကို ဆောင်ရွက်ပေးခွင့်ရှိသည်လို့ ပြင်ဆင်လိုတဲ့ အကြောင်းကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်မှာ နတ်တလင်းက ဦးရဲထွန်းဦးတို့ မေးခွန်းတွေမေးခဲ့တယ်။ သူရဦးအောင်ကို တို့က အဆိုတွေတင်သွင်းပြီးတော့ ဒီဥပဒေဟာ ဥပဒေတစ်ခု အဖြစ် ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒီတော့ ဒါတွေကို မဆောင်ရွက်ခဲ့ကြလို့ မေးခွန်းတွေ၊ အဆိုတွေမေးပြီးတော့ ဥပဒေတစ်ခုအဖြစ် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဥပဒေရဲ့ စည်းနှောင်မှုပေးရမည်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေအတွက် ဒါတွေကိုလုပ်ဆောင်ပေးစေတဲ့အတွက် ပေးရမည်လို့ ကျွန်တော်တို့ ဖြစ်စေချင်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တစ်တွေ ဆွေးနွေးတိုင်ပင်ကြတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဒါကို ဥပဒေအဖြစ် ပေးရမည်ဆိုရင် ဒီဟာရဲ့ ဒီကိစ္စကိုဆောင်ရွက်ကြမယ့် ပုဂ္ဂိုလ်တွေရဲ့ Encourage ကို မဆောင်ရွက်ရဲအောင်ဖြစ်မယ်လို့ တင်ပြလာကြပါတယ်။ တစ်ခါ ဥပဒေကို အခုနကပြောသလို Accident ဖြစ်တဲ့နေရာကနေပြီးတော့ ဆေးရုံ၊ ဆေးခန်းကိုပို့မယ့်ပုဂ္ဂိုလ်များဟာ ပေးရမည်။ မပေးရင်ဖြင့် ဥပဒေအရ ဘယ်လိုအရေးယူမည်ဆိုတော့ တကယ်သူတို့ရဲ့ Ethic အရ ဒါကို လုပ်ပေးမှာတောင် မလုပ်ရဲမှာဖြစ်မယ်လို့ တင်ပြလာပါတယ်။ နောက်တစ်ခါ ဌာနဆိုင်ရာဝန်ကြီးတွေက ဝန်ကြီးဌာနကနေပြီးတော့ ဒီဥပဒေအဖြစ် သတ်မှတ်လိုက်ရင် တချို့များ ဒီဥပဒေကို အသုံးချပြီး ငွေညှစ်နိုင်တယ်လို့ တင်ပြလာတဲ့အတွက် ကျွန်တော်တို့တွေရဲ့ဆန္ဒအရ တကယ်မလုပ်တာတွေကို လုပ်စေချင်တဲ့ ဥပဒေပြဌာန်းချင်တယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း အခက်အခဲတွေ ရှိမှာကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဆောင်ရွက်ပေးရမည်ဆိုတဲ့ စကားအစား၊ စကားလုံးအစား ဆောင်ရွက်ပေးခွင့်ရှိသည်လို့ ပြင်ရင်ပြင်ဆင်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တရားရေးဆိုင်ရာကော်မတီရဲ့ သဘောထားပြောပါ။

**သူရဦးအောင်ကို (ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေဖြစ်မြောက်ဖို့အတွက်ကို သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအပါအဝင် ကျွန်တော်တို့ရဲ့ ကော်မရှင်၊ ဥပဒေကြမ်းကော်မတီတို့မှာ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့က ခုနက ဦးဝင်းမြင့် တင်ပြသွားသလိုပဲ ဥပမာပုဒ်မ ၄ အပိုဒ်ခွဲ(က)မှာ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား စတင်လက်ခံရရှိသည့် ကျန်းမာရေးကုသစောင့်ရှောက်မှုပေးသူသည် ကုသမှုကို အချိန်မီဆောင်ရွက်ပေးခွင့်ရှိသည်ဆိုပြီး ပြင်ဆင်ချက်တင်ပြထားပါတယ်။ ကျွန်တော်တို့ မူလရေးသားတင်သွင်းချက်က ဆောင်ရွက်ပေးရမည်လို့ဖြစ်ပါတယ်။ ဆောင်ရွက်ပေးရမည်ဆိုလို့ရှိရင် အကယ်၍ အခြေအနေအရ ပျက်ကွက်ခဲ့လို့ရှိရင် အခုနက ကျွန်တော်တို့ ဥပဒေရဲ့စည်းနှောင်မှုအတွက် အရေးယူအပြစ်ပေးတဲ့အပိုင်းကို ကျွန်တော်တို့ ကဖော်ပြခဲ့ပါတယ်။ အဲ့ဒီဖော်ပြချက်ပေါ်မှာ အခုန ကျွန်တော်တို့ သက်ဆိုင်တဲ့ဝန်ကြီးဌာနများကနေပြီးမှ ဒါ ပြစ်မှု၊ ပြစ်ဒဏ်အပိုင်းတော့ ထည့်သွင်းဖော်ပြရန်မသင့်ဘူး။ ထို့ကြောင့် ဒါကို ကျွန်တော်တို့က ခုနက ပေးပိုင်ခွင့်ရှိသည်လို့ ပြန်လည်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ အခုနက ဒုတိယရှေ့နေချုပ် ဆွေးနွေးတင်ပြသွားသလိုပဲ ကျွန်တော်တို့ ဒါကို အခုနက ဥပဒေရေးထုံး ပိုပြီးမှ တည့်မတ်ကောင်းမွန်အောင်ပြင်မယ်ဆိုလို့ရှိရင်လည်း ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးဌာနများဘက်က။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ မရှိပါ။

**ဥက္ကဋ္ဌ။** ။ မရှိဘူးဆိုရင် ဒီဘက်က ဒေါက်တာ အောင်သန်း မိုက်တောင်းထားလား။ ပြောပါ။ ဒေါက်တာအောင်သန်း။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)။** ။ စောစောက ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ မူလက ကျွန်တော် ပြင်ဆင်ချက်တင်တုန်းက ဒီသက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မီးရထားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အခြားသော ဝန်ကြီးဌာနများကို ဆိုသည်ဆိုတဲ့ဥစ္စာကို ကျွန်တော်တင်ခဲ့ပါတယ်။ သို့သော်လည်း ဆွေးနွေးပွဲမှာ အဲ့ဒါဖြုတ်လိုက်တဲ့အတွက်ကြောင့်မို့လို့

အခုလို လိုအပ်တာလေးဖြစ်သွားပါတယ်။ အဲဒီတော့ ဒီဥပဒေကို အကယ်၍ ကျွန်တော့်အနေနဲ့ ထပ်မံပြီးတော့ ဒီပြင်ဆင်လိုတာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒါ ကျန်းမာရေးဝန်ကြီးဌာနကတော့ အဓိကပါဝင်ဖို့လိုမယ်ထင်လို့ပါ။ ဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အခြားသောဝန်ကြီးဌာနများတို့ကိုဆိုသည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ပြီးတော့ တင်ပြလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါနဲ့ပတ်သက်လို့ ဒုတိယရှေ့နေချုပ်တို့ အခုလိုပြင်ဆင်မယ်ဆိုရင် လုံလောက်ပြီလား။ ထပ်ပြီးတော့ စကားလုံးရွေးချင်သလား။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ မရှိပါ။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါဖြင့်ရင် ဒေါက်တာ အောင်သန်း ပြောတဲ့အတိုင်း ဒါကို ကျွန်တော်တို့ တရားဝင်ရေးပြီးတော့ ဒီမှာ ပြန်တင်လိုက်ပါမယ်။ အခုဆွေးနွေးတာက ခုနက ဦးဝင်းမြင့်၊ ပြည်ရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒါနဲ့ပတ်သက်လို့ စိတ်ထဲမှာတော့ ကျွန်တော်တို့ ရှိနေတယ်။ သို့သော် ပြန်ရေးချလိုက်တဲ့အခါမှာ ပေးခွင့်ရှိသည်လို့ပြောမယ်ဆိုရင် မရေမရာဖြစ်တယ်။ မပေးလည်းဘာမှမဖြစ်ဘူးဆိုတာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ အခုနက အကယ်လို့များ ပေးရမည်။ မပေးဘူး။ မပေးဘူးဆိုလို့ရှိရင် မပေးတဲ့အကြောင်းအရာပေါ် မူတည်ပြီးမှ Case By Case စဉ်းစားနိုင်ဖို့ ဒီလိုစဉ်းစားပြီး လုပ်ရလိမ့်မယ်ထင်တယ်။ သူ့မှာ အကူအညီပေးဖို့လည်း အခြေအနေလည်းပေးတယ်။ အချိန်အခါလည်းကျရောက်တယ်။ အကူအညီမပေးဘူးလို့သိတာနဲ့ တစ်ပြိုင်တည်း သူ့ကိုတော့ လူမှုတာဝန်ဝတ္တရားမကျေပွန်တဲ့အတွက် သူ့ကို တစ်ခုခုတော့ ကျွန်တော်တို့ အပြစ်ပေးရလိမ့်မယ်။ ထောင်ချတာပြောတာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့လည်း စကားလုံးကို ရွေးထားပြီးဖြစ်တယ်ဆိုလို့ရှိရင်လည်း ပြောပြပေးပါ။ အဲ့ဒါမှ မဟုတ်သေးဘူးဆိုလို့ရှိရင်လည်း ဒီအပိုဒ်ကို ကျွန်တော်တို့ ပြန်ပြီးကျော်သွားမယ်။ ကျော်သွားပြီး နောက်မှ တစ်ခါပြန်လုပ်ပါမယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ ဒီပုဒ်မမှာတော့ ဒီပုဒ်မ ၄ မှာတော့ နောက်မှာ သူက ပုဒ်မ ၄ ကို ပျက်ကွက်လိုခြင်း စီမံခန့်ခွဲရေးနည်းလမ်းနဲ့ အရေးယူဖို့ ပါပါတယ်ခင်ဗျာ။ ပါတော့ အခုက ဆောင်ရွက်ခွင့်ရှိသည်ဆိုတော့ မလုပ်လည်းရတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ဟုတ်ကဲ့။ အဲ့ဒါကြောင့် ဒီပုဒ်မမှာတော့ ဆောင်ရွက်ရမည်က ပိုများသင့်မြတ်ပါတယ်။ ကျွန်တော်တို့ နောက်ပြန်ပြီးတော့ သေချာလေး ထိုင်ပြီးတော့ အားလုံး ညှိနှိုင်းပါမယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ နောက်မှ ခုနက စီမံခန့်ခွဲရေးနည်းလမ်းပါတယ်ဆိုရင် ဒီပြင်ဆင် အဆိုပြုချက်က မပြုသင့်ဘူး။ ရမည်ပဲ ကိုယ့်ဟာကိုယ် ခိုင်ခိုင်မာမာလုပ်ရမယ်။ သို့ရာတွင် ဒါနဲ့ ပတ်သက်လို့ ပိုသေချာအောင် ပြန်ပြီးကြည့်လိုက်ပါ။ ကျော်သွားပါမယ်။ အချိန်လည်း တစ်နာရီနီးနေပြီ။ မလိုဘဲနဲ့လည်း စကားတွေမပြောနဲ့။ စာမျက်နှာ ၆ အမှတ်စဉ် ၁၈ ဒေါက်တာအောင်သန်း။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၁၈ အခန်း(၃) အပိုဒ် ၁၁ မှာ ကျွန်တော်၏ပြင်ဆင်ချက်မှာ ပုဒ်မ ၄ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ စီမံခန့်ခွဲမှု၊ စီမံခန့်ခွဲခြင်းဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည်လို့ ပြင်ဆင်ထားပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ တရားရေးရာကော်မတီ။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနများ။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်ရဲ့ ပုဒ်မ ၅ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာ အောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကိုပြုဖို့အတွက် ဝန်ကြီးဌာနတစ်ခုကို တာဝန်ပေး၊ တာဝန်ယူဖို့ ဆိုလည်း တော်တော်ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အားလုံး လွှမ်းခြုံပြီးဖြစ်နိုင်အောင် ကျွန်တော်တို့လွှတ်တော်ကပဲ တာဝန်ယူညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့တော့ ဒီအခြေအနေအထိ ရောက်လာပါတယ်။ သို့ရာတွင် အခုနက ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးနှင့် ဒုတိယရှေ့နေချုပ်ရဲ့ ကောင်းမွန်တဲ့အကြံပြုချက်များပေါ်မူတည်ပြီးတော့ အခုနက လိုအပ်တဲ့အပိုဒ် ပုဒ်မ ၃၊ ပုဒ်မ ၄ နဲ့ တချို့စာလုံးလေးတွေကို ပြန်မေးပြီးတော့၊ ပြင်ဆင်ပြီးတော့ အတည်ပြုပေးစေလိုပါ

တယ်။ ဒါကြောင့် ဒီဥပဒေကလည်း အရေးကြီးတဲ့အတွက် ဒါကိုလည်း သိပ်ပြီးတော့ အချိန်မယူဘဲနဲ့ နောက်နေ့လောက်မှာ ပြန်ညှိနှိုင်းပြီးတော့ လွှတ်တော်ကို လာမယ့် ကျွန်တော်တို့ ဗုဒ္ဓဟူးနေ့မှာ ဒီနေ့ ဗုဒ္ဓဟူးဆိုတော့ ကြာသပတေးနေ့မှာ ပြန်တင်ပြရမယ်။ ဒါကြောင့်မို့လို့ အခုနက ရှေ့နေချုပ်ရုံးရယ်၊ ကျန်းမာရေးဝန်ကြီးဌာနရယ်၊ သက်ဆိုင်ရာကော်မတီရယ်၊ နောက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ ရယ်ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်ကို ကျွန်တော်တို့ နိဂုံးမချုပ်သေးဘဲနဲ့ အခု ကျွန်တော်တင်ပြတဲ့အချက်တွေကို အခုနက ကျွန်တော် တင်ပြတဲ့ဌာနနဲ့ ပုဂ္ဂိုလ်များက ပြန်လည်ညှိနှိုင်းပြီးတော့ လာမယ့် ကြာသပတေးနေ့မှာ ပြန်တင်ပြပေးဖို့ပဲ ကျွန်တော် ဆုံးဖြတ်ချင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၃း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**